# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၁၂)၊ ၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် ၊ ၈-၇-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား မိမိတို့အစိုးရတာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံက ဆောင်ရွက်သွားနိုင်သည်များကို လေ့လာသုံးသပ်ဆန်းစစ် အဖြေရှာဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့်ဦးညိုစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်

စာမျက်နှာ ၃ သို့ ☆

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ခုနှစ်)**

စာမျက်နှာ » ၅

**ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးဟောပြောပွဲ ကျင်းပ**

စာမျက်နှာ » ၇

## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၇

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

စာမျက်နှာ ၅ သို့ ●

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာသို့ဆက်သွယ်ထားသည့် လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည် စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြုသွားလာနိုင်တော့မည်



ကလေးဝမြို့သို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

နေပြည်တော် ဇူလိုင် ၇

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုဖြစ်သော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် ကလေးဝ-မုံရွာသို့ဖြတ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့အထိ ကုန်သွယ်မှုပြုလုပ်နိုင်သည့် ကလေးဝ-ယာကြီး-မုံရွာလမ်းပိုင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရန် တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ဇွန် ၂ ရက်မှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါလမ်းပိုင်းအား အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ သို့ ○

## ငဖဲမြို့နယ်၌ ဖူးစားပြောင်းနှင့် နှံစားပြောင်း ၂၉၉ ဧက စိုက်ပျိုးပြီးစီး

ငဖဲ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၄၅၉ ဧကနှင့် နှံစားပြောင်း ၁၃၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လဆန်းမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဖူးစားပြောင်း ၂၃၈ ဧကနှင့် နှံစားပြောင်း ၆၁ ဧက စုစုပေါင်း ၂၉၉ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

စာမျက်နှာ ၄ သို့ ✳

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ဇလ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး နေ့စဉ်

## နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းဆောင်ရွက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှဘုံကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေကန်ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောတို့အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကို ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း လွှဘုံကြိုးဝိုင်း အကွက်အမှတ်(၁၅)ရှိ ဧရိယာ ဧက(၂၀၀)တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား (၄) မျိုးဖြစ်သည့် ကုက္ကိုစစ်၊ မဲဇလီ၊ ဘောစကိုင်း သစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း(၁၀၀၀၀၀)လုံး ကြဲချခြင်း အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျ၊ နေပြည်တော်လေတပ်စခန်း စခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဇူလိုင် ၅ ရက်နေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောရှိ ဧရိယာ ဧက (၄၃၀)တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား (၄) မျိုးဖြစ်သည့် ကုက္ကို၊ ဘောစကိုင်း၊ မဲဇလီ၊ အော်ရီးရှားသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း (၂၀၀၀၀၀) လုံး ကြဲချခြင်း အခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ရှမ်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလိုင်းတစ်၊ ပြည်နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး သစ်စေ့မြေလုံးများအား ရဟတ်ယာဉ်ဖြင့် ကြဲချခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အား အနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်းတောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၆ ခုနှစ်၊ မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်းနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလတွင် နမူနာကွက်များ ပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက်ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၁၄၅)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ စိတ္တသုခကျောင်း၊ ဓာတ်တော်တိုက် ပဓာနနာယက၊ သက်သတ်လွတ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(လူမှုထူးချွန်ပထမဆင့်)၊ မြင်းခြံမြို့နယ်၊ ဒူလဘိုရွာဇာတိသည် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင် ၅၀၀)တွင် ဇွန် ၁၈ ရက်က ဇီဝိတဒါနအဖြစ် (၁၄၅) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

(ကဆ)

## ကျောင်းသား၊ ကျောင်းသူများ ပလငါးတန်ပွဲ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရပ်စောက် ဇူလိုင် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (ခွဲ) နောင်ခမ်း၌ မြို့နယ်ပညာရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းယုမေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာ မြို့နယ်ဦးစီးမှူး ဒေါ်ယုယုအောင်က ကျောင်းသား၊ ကျောင်းသူများ စကားပြောစွမ်းရည်မြင့်မားလာစေရန်၊ လူအများရှေ့၌ ရဲရင့်စွာပြောဆိုဆွေးနွေးတတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Grade-11 မှ မောင်ဟိန်းဝေယံလင်း၊ Grade-9 မှ မရွှန်းလဲ့ဟေမာန်၊ Grade-8 မှ မခရေဖြိုး၊ Grade-7 မှ မအိသဇင်လှိုင်၊ Grade-6 မှ မောင်စိန်သန်းဦးတို့က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်အင်တာနက်၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာဖတ်ခြင်း စသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများ အပြန်အလှန်မေးမြန်းခဲ့ကြပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

၄င်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများ ရရှိစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀
၀-၀-၀-၀

## မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာ၌ RBF လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဇူလိုင် ၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာ၌ စနစ်ကျသော မွေးမြူရေးလုပ်ငန်းများ မွေးမြူနိုင်ရေး ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် မိုင်းလွေကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ ဒေသကျွဲနှင့်နွားမွေးမြူထားရှိဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF) စီမံကိန်းခွင့်ပြုငွေ ကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေ ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနမ့်လွေ အစုအဖွဲ့လေးဖွဲ့တို့မှ ဒေသကျွဲနှင့်နွားမွေးမြူခြင်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

## မြန်နန္ဒာဈေး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနသည် ဈေးများ သန့်ရှင်းသာယာရေးနှင့် ဈေးအင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၄၉ လမ်းနှင့်လမ်း ၅၀ ကြား၊ ၁၁၄ လမ်းနှင့် ၁၁၅ လမ်းကြားရှိ မြရည်နန္ဒာဈေး၌ သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးအတွင်း၊ ဈေးပြင်ပရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး မြောင်းအတွင်းမှ အမှိုက်သရိုက်များနှင့် မြောင်းစာများကို ဈေးသန့်ရှင်းရေးဝန်ထမ်းများက စုပေါင်းဆယ်ယူရှင်းလင်းခြင်း၊ ဈေးအတွင်း၊ အပြင်အမှိုက်လှည်းခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို ဈေးတာဝန်ခံ၊ ဈေးကောက်၊ ဈေးစည်းကမ်းထိန်းသိမ်းရေးဝန်ထမ်း ၃၀ ဦးနှင့် စုပေါင်းဆောင်ရွက်နေမှုကို ဈေးနှင့်သားသတ်ဌာန ဈေးဌာနခွဲ ဌာနခွဲမှူး ဒေါ်အိရွှေစင်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။



ဈေးများတွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေး၊ ဈေးအင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ ဈေး ဝင်၊ ထွက်လမ်းများ စနစ်တကျရှိစေရေး၊ အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်၊ ဖော့ဘူးများဖြင့် ရောင်းဝယ်မှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားပြီး ဈေးရောင်းဝယ်သူများ ကြွပ်ကြွပ်အိတ်အစားထိုး ဖက်၊ စက္ကူအသုံးပြုသွားရေး၊ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးအသုံးပြုသည့် ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ ထားရှိစေရေး ကြီးကြပ်ဆောင်ရွက်ထားရှိပြီး မြို့နယ်အလိုက် ဈေးအင်္ဂါရပ်နှင့်ညီညွတ်စေရေး သန့်ရှင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

- ❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ်
- ❖ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့် စီမံချက်များချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျ၊ သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြသည့်ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လို

- ❖ စက်သုံးဆီနှင့် စားသုံးဆီများကို တင်သွင်းမှု လျှော့ချနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လို
- ❖ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကို အသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်
- ❖ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တရားဝင်ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျစစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်

☆ ရှေ့ဖုံးမှ
တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်နိုင်ရန်လို**

ဦးစွာနိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ်ကြောင်း၊** မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ယူဆောင်ရွက်သည်မှာ သုံးလတာကာလအတွင်းသို့ ရောက်ရှိလာပြီးဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများတိုးတက်မှုအခြေအနေများကို လစဉ်ဆန်းစစ်သုံးသပ်ဆောင်ရွက်နေရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးပြီး မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့် ဝယ်လိုအားများမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ရခြင်းသည်လည်း ငွေကြေးတန်ဖိုး ပြောင်းလဲမှုများကြောင့်ဖြစ်သည့် အကျိုးဆက်များကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားစေရေးအတွက် ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ တိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ထိုမှတစ်ဆင့်ရရှိသည့်နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကို တင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဝင်ငွေနှင့်ထွက်ငွေများမျှတနေမှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ မြင့်မားလာစေရေး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း စိုက်ပျိုးရေး ပို့ကုန်များ ပြည်ပသို့တင်ပို့နိုင်မှု လျော့နည်းခဲ့ကြောင်း၊ အဓိက သီးနှံဖြစ်သည့် ဆန်တင်ပို့မှုလျော့နည်းခဲ့သကဲ့သို့ အခြားစိုက်ပျိုးသီးနှံအချို့ တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်တင်ပို့နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန်နှင့် မိမိတို့နိုင်ငံ၏အဓိကပို့ကုန်သီးနှံဖြစ်သည့် ဆန်တင်ပို့မှုကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း။

**စက်သုံးဆီနှင့်စားသုံးဆီများ ပြည်ပမှ တင်သွင်းမှုနှင့် သုံးစွဲမှုလျှော့ချနိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်သွားကြရန်လို**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့် စီမံချက်များချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျကြောင်း၊ သို့ဖြစ်၍ **သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်** လိုကြောင်း၊ အလားတူလုပ်ငန်းများ အောင်မြင်မှုရှိစေရေးအတွက် ကာလတိုဆောင်ရွက်ခဲ့သည့် သုတေသနများနှင့် ကာလရှည်ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကိုလည်း မဖြစ်မနေသုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို နှစ်စဉ် ပြည်ပမှတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများ များစွာသုံးစွဲရလျက်ရှိကြောင်း၊ **စက်သုံးဆီနှင့် စားသုံးဆီများကို တင်သွင်းမှု လျှော့ချနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊** ထိုသို့ဆောင်ရွက်ရာတွင် **လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကို အသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်သဖြင့်** သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ **သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ရန်အတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် မီးရထားခရီးစဉ်များ ပိုမိုတိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းများနှင့် မီးရထားများအဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊** အလားတူ မိမိတို့နိုင်ငံ၏လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ဘက်ထရီစနစ်သုံးရထား စက်ခေါင်းများကို တပ်ဆင်ထုတ်လုပ်အသုံးပြုလျက်ရှိပြီး ထပ်မံ၍လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စပါးကိုအဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဆန်စပါး ကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့်ဖွဲနုများမှ ဖွဲနုဆီများကိုထုတ်လုပ်ရရှိနိုင်ကြောင်း၊ ထို့ကြောင့် **ပြည်တွင်းဖွဲနုဆီများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေးဖိတ်ခေါ် ဆောင်ရွက်သွားရန်** လိုကြောင်း၊ အလားတူ အရည်အသွေးပြည့်မီသည့် ဆီများကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီစက်များဖြင့် ကြိတ်ခွဲနိုင်ရေး နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိစေရေး အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း စသည့် ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်လာစေရေး စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းရှင်များအတွက် လိုအပ်သည့်အားပေးကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးရန် လိုကြောင်း။

သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်း တိုးတက်အောင် သုတေသနပြုလုပ်ရန်လိုအပ်သကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပဈေးကွက် လိုအပ်ချက်များအထိ (Supply Chain) တစ်ခုလုံးကိုသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

**တရားမဝင် ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်**

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် အခြေခံစားကုန်များဖြစ်သည့် အသား၊ ငါးနှင့် မီးဖိုချောင်သုံးသီးနှံများကို ဈေးကွက်လိုအပ်ချက်များ အများအပြားရှိနေကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အဆိုပါဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ သို့သော်လည်း အချို့သောလမ်းကြောင်းများနှင့် ဒေသများ၌ လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် အပြည့်အဝ တင်ပို့နိုင်ခြင်းမရှိကြောင်း၊ **ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တရားဝင် ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျ စစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန် လိုပြီး တရားမဝင်ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်ကြောင်း၊** ခေတ်အဆက်ဆက်တွင်လည်း ကုန်ပစ္စည်းများကို မှောင်ခိုသွင်းခြင်း၊ တင်ပို့ခြင်းများ လုပ်ဆောင်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့်အခွန်အခများ မရရှိခြင်း၊ အရည်အသွေးပြည့်မီမှုမရှိသည့် ကုန်ပစ္စည်းများကို ပြည်သူများသုံးစွဲနေကြရခြင်းတို့ကို ကြုံတွေ့ခဲ့ကြရသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း အဂတိမှုများကို ကျူးလွန်ခဲ့ကြသည်ကိုတွေ့မြင်ရကြောင်း၊ **ကုန်ပစ္စည်းများကိုတရားမဝင်ရရှိထားသည့် ငွေကြေးများဖြင့် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှု ပြုနေခြင်းကို မိမိတို့အနေဖြင့် လက်ခံ၍ရမည်မဟုတ်ကြောင်း၊** ဝိသမလောဘသမားများ၏ စီးပွားရေးအရ ဈေးကွက်ကစားနေမှုများကို မိမိတို့အနေဖြင့် တရားဝင်ကုန်သွယ်မှုဖြင့် တိုက်ဖျက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ၌ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်လာအောင် အားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာအရလည်း နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကလည်း လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျ ဖြစ်စေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများအား ပြည်တွင်း၌ အလုံးစုံ တပ်ဆင်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်**

လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် **EV ကားများနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းခြင်းအစား ပြည်တွင်း၌ အစမှ အဆုံး အလုံးစုံတပ်ဆင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊** EV ကားများကို ပြည်တွင်း၌ အစမှအဆုံး အောင်မြင်အောင် ထုတ်လုပ်နိုင်မှသာလျှင် ပြည်သူများကုန်ကျစရိတ် သက်သာစွာဖြင့် အရေအတွက်များများ သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း၊ EV ကားများအား ပြည်တွင်း၌ပင် အစမှအဆုံး အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ်ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့် စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များ အဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို**

ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူ လူငယ်အားလုံးကို ပညာရေးပိုင်းသာမက ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင်လည်း သင်ကြားပြသပေးရန် လိုကြောင်း၊ ကျောင်းများအားလုံးအနေဖြင့် စံကိုက်သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရန်လိုပြီး စာပေပိုင်းဆိုင်ရာသာမက ကျန်းမာကြံ့ခိုင်သည့် ကလေးငယ်များဖြစ်စေရေး၊ သုတရသအသိအမြင်နှင့်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေး အတွက်လည်း အားကစားကွင်းများ၊ စာကြည့်တိုက်များအပြင် အခြားအခြေခံလိုအပ်ချက်များ ပြည့်မီနေရန်လိုကြောင်း၊ **ကလေးငယ်များအား အတန်းအောင်၊ အမှတ်ကောင်းစေရေးအတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုးမဖြစ်စေလိုဘဲ ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ် ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့်ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန် လိုကြောင်း၊**

စာမျက်နှာ ၄ သို့ ☆

✰ စာမျက်နှာ ၃ မှ

PDF အမည်ခံ အကြမ်းဖက်သမားများ လှုပ်ရှားလျက်ရှိသည့် အချို့ဒေသများတွင် ပညာရေးပိုင်းဆိုင်ရာများ၌ ယခင်ကထက် သိသိသာသာ အားနည်းလာသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ အစကောင်းမှအနှောင်းသေချာမည်ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ အမှန်တကယ်တတ်မြောက်မှု ရှိစေရေး ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီးများအနေဖြင့်လည်း မိမိတို့ဦးဆောင်ဦးရွက်ပြုကြရသည့် ကဏ္ဍများအလိုက် အမှန်တကယ် အလုပ်လုပ်ကြရန်လိုပြီး မိမိတို့အားပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဒေသနှင့်နိုင်ငံအကျိုးကို ထိထိရောက်ရောက်ဖော်ဆောင်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စီးပွားရေးကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် Agro-Based Industry ကို မဖြစ်မနေ ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အတွက် အခြေခံအကျဆုံးနှင့် အဖြစ်နိုင်ဆုံး ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်သည့် MSME ကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ ခရီးသွားကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းဖြင့်လည်း နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ **ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှုနှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးတို့ကိုပါ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန်** လိုကြောင်း၊ ဒေသအလိုက် ထုတ်လုပ်လျက်ရှိသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် ဒေသထုတ်ကုန်ပစ္စည်းများသည်လည်း အရည်အသွေးမြင့် ကုန်ပစ္စည်းများ ဖြစ်ရန်လိုပြီး ထုပ်ပိုးမှုမှအစ အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝက ပေးထားသည့် ရေခံမြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီး ရေထွက်ပစ္စည်းများကိုလည်း ပေါကြွယ်ဝစွာ ပိုင်ဆိုင်ထားရှိကြောင်း၊ သို့ဖြစ်၍ ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့ခြင်းများ အပါအဝင် အခြားထုတ်ကုန် ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် အဆင့်မြှင့်တင် ဆန်းသစ်ထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်နိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ကြရန်သာဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအဆင့်ဖြင့် တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှ တစ်ဆင့် အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့် ကာလအတွင်း မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ် ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို** ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းများဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖော်ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှုနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးတို့ကိုပါ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန်လို

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့် ကာလအတွင်း မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ် ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို


PPIB News

---

○ တပ်မတော်စစ်ကြောင်းများမှ

တပ်မတော်စစ်ကြောင်းများသည် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁ ရက်တွင် မြေနီကျေးရွာအား လည်းကောင်း၊ ဇူလိုင် ၂ ရက်တွင် စည်ပင်သာကျေးရွာအားလည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် မိုင်တစ်ရာတဲစုကျေးရွာအားလည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် သဲကြမ်းတဲစုကျေးရွာအားလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၇ ရက် ညနေပိုင်းတွင် ကလေးဝရှိလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းနိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ - ယာကြီး-မုံရွာ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကလေးဝ- ကလေး -ဖလမ်း -ဟားခါး -ထန်တလန်သို့ လည်းကောင်း၊ ကလေးဝ-ကလေး-တီးတိန်-တွန်းဇံ-ကျီခါးသို့ လည်းကောင်း၊ ကလေးဝ-မုံရွာ-မြင်းမူ-စစ်ကိုင်း-မန္တလေးသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပြီး ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်စည် စီးဆင်းမှုနှင့် ဒေသတွင်း ကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြု သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ကလေးဝမြို့သို့ ရောက်ရှိလာသည့် တပ်မတော်စစ်ကြောင်းများအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်ခုလုံးအား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု

တပ်မတော်စစ်ကြောင်းများသည် အဆိုပါ လမ်းကြောင်းတစ်လျှောက်၌ နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်စဉ် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့် စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခဲ့သည့် ကျေးရွာများအားသိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းသည် ၁၁၅ မိုင် ရှည်လျားပြီး နိုင်လွန်ကတ္တရာ အမျိုးအစား လမ်းဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော တမူး-ကလေးလမ်းကြောင်းမှတစ်ဆင့် မုံရွာ-မန္တလေးလမ်းကြောင်းသို့ တိုက်ရိုက်ချိတ်ဆက်ပေးသောကြောင့် ကုန်စည်စီးဆင်းရန် အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့လှသည့် ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ လမ်းကြောင်းတစ်လျှောက်နှင့် ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ထောင်ထားသည့်မိုင်းများအား ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းပိုင်းအတွင်း အကြမ်းဖက်များ ဖျက်ဆီးခဲ့သည့် လမ်း၊ တံတားနေရာများကိုလည်း ပုံမှန်အတိုင်း ပြန်လည်အသုံးပြု သွားလာနိုင်ရေး လိုအပ်သည့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

※ ငဖဲမြို့နယ်မှ

ငဖဲမြို့နယ်၌ မိုးသီးနှံစိုက်ပျိုး ရာသီတွင် ဖူးစားပြောင်းနှင့်နှံစားပြောင်း စိုက်ပျိုးသည့် တောင်သူများကို ပြောင်းစိုက်ပျိုးရန် ထယ်ရေးမပြင်မီ ပေါက်နေသော ပေါင်းမြက်များအား ပေါင်းသတ်ဆေး တစ်မျိုးမျိုးဖြင့် နှိမ်နင်းရှင်းလင်းရေး၊ မြေပြုပြင်ချိန်တွင် သဘာဝမြေဩဇာကို အချိုးကျ ထည့်သွင်းရေး၊ အထွက်နှုန်း တိုးတက်ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ဝယ်ယူစိုက်ပျိုးရေး၊ ပြောင်းသည် လေဖြင့်ဝတ်မှုန်ကူးသော အပင်ဖြစ်၍ အတန်းများအား လေသွားလမ်းကြောင်းကို ကန့်လန့်ဖြတ်ထား၍ စိုက်ပျိုးရေး၊ ရိတ်သိမ်းသည့်တိုင်အောင် နှစ်လခြားတစ်ကြိမ် ပေါင်းရှင်းရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ငဖဲမြို့နယ်တွင် ပန်ဖူးစားပြောင်းများကို လယ်မြေများနှင့်ကိုင်းမြေများတွင် ဟင်းသီးဟင်းရွက်များနှင့်အတူ ရာသီမရွေး စိုက်ပျိုးရောင်းချလျက်ရှိရာ အမြတ်အစွန်းပိုမိုရရှိသဖြင့် တောင်သူများ မိသားစုဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။ မယု(ငဖဲ)

---

## ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) မသုံးစွဲရနေ့ (Monday Stop) လှုပ်ရှားမှုဆောင်ရွက်

**ပြင်ဦးလွင် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြင်ဦးလွင်မြို့နယ်အတွင်း "အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) မသုံးစွဲရနေ့ (Monday Stop) လှုပ်ရှားမှု"ကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ သီရိရတနာဈေး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဈေးဝယ်လာရောက်သူများနှင့်ဈေးသည်များအား တနင်္လာနေ့တိုင်း ပလတ်စတစ်များ အသုံးပြု၍ ဈေးရောင်း၊ ဈေးဝယ်ခြင်းမပြုလုပ်ကြရန် အသိပညာပေးခြင်း၊ ဈေးဝယ်လာသူများထံမှ ပလတ်စတစ်အိတ်များနှင့် Recycle Bag (ပြန်လည်သုံးစွဲလို့ရသည့်အိတ်)များ လဲလှယ်ပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)
၁၃၈၈ ခုနှစ်၊      လ      ရက်
(၂၀၂၆ ခုနှစ်၊      လ      ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၆ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်များကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂ တွင်ပါရှိသော "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ကို "ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် (ခ) တို့တွင်ပါရှိသော "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၅ တွင်ပါရှိသော "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင်ပါရှိသော "မေလ ၁၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့် (ခ) တို့တွင်ပါရှိသော "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော "မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ"ဆိုသည့် စကားရပ်ကို "အောက်တိုဘာလအတွင်းတွင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)
၁၃၈၈ ခုနှစ်၊   လ   ရက်
(၂၀၂၆ ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့်စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မတ်လ ၇ ရက်နေ့" ဆိုသည့်စကားရပ်ကို "စက်တင်ဘာလ ၇ ရက်နေ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁ ရက်နေ့" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၁ ရက်နေ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော "မေလနောက်ဆုံးပတ်"ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလနောက်ဆုံးပတ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (က) တွင်ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။


---

● မုတ်သုံလေမှ

မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင် သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်း ရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အသိပေး
မိုး/ဇလ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၆-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၉-၇-၂၀၂၆ ရက်နေ့မှ ၁၆-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

---

# နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ချောက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ချောက်မြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မြရိပ်ညိုခန်းမတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးဇင်ဘိုဘိုအောင်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်အထက်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric Dataကောက်ယူ၍ UID ကတ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်၊ ခရိုင်လဝက ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သွင်သွင်ငြိမ်း၊ ချောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

ကျော်မိုး(ပြန်/ဆက်)



☆ စာမျက်နှာ ၂၄ မှ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သောအချက်များနှင့် စပ်လျဉ်းသည့်သဝဏ်လွှာအား လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေး ပဉ္စမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development–JCC)တွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဦးရေနှင့် ၎င်းတို့၏ အမည်စာရင်းတို့ကို လွှတ်တော်၏အတည်ပြုချက် ရယူပြီး ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **"အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကိုထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်"** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်က ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပသည့် အစည်းအဝေးတွင် အာဆီယံအနေဖြင့် မြန်မာ့အရေးကို အဖွဲ့ဝင်နိုင်ငံများအား ကြိုတင်ချပြညှိနှိုင်းခြင်းမပြုဘဲ အစည်းအဝေးပြီးမှသာ ဥက္ကဋ္ဌ၏ ကြေညာချက်နောက်ဆက်တွဲအဖြစ် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ဆိုပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် မရိုးသားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်မပြုအောင် အရေးယူပိတ်ဆို့မှုများဖြစ်အောင် အာဆီယံက UN အစည်းအဝေးတွင် ဖိအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုများကြောင့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ ဘုံသဘောတူညီချက်များကို လိုက်နာမှုစသည့် အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုကာ ဆောင်ရွက်ခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့ကြုံခဲ့ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ချက်များကြောင့် အစိုးရကိုဆန့်ကျင်သည့် အဖွဲ့များအတွက် မျှော်လင့်ချက်ဖြစ်စေပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတွင်း၌ အကြမ်းဖက်မှု၊ ဆူပူမှုများပိုမိုကြီးထွားလာပြီး ပိုမိုပျက်စီးစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ စီးပွားရေး၊ စစ်ရေး၊ အန္တရာယ်အများဆုံးနှင့် နိုင်ငံ၏ရေစီးကြောင်း အကြမ်းဆုံးအချိန်၊ လှိုင်းကြီးလေထန် ရေစီးသန်လည်း အားမာန်မလျှော့ ဇွဲမလျှော့ဘဲ အသိသတိကြီးမားစွာဖြင့် နိုင်ငံကို ပြိုလဲမသွားအောင် နိုင်ငံ့အကြီးအကဲများ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် နိုင်ငံတော်၏ ခက်မသုံးဖြာအာဏာကြီးသုံးရပ်ကိုပိုင်းခြားကျင့်သုံး၍ စီမံအုပ်ချုပ်နေကြပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅) ရပ်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်းက မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပြည်တွင်းရေးသက်သက်မဟုတ်ဘဲ ဒေသတွင်းတည်ငြိမ်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ ဒုက္ခသည်ပြဿနာ (စစ်ဘေးရှောင်များ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်မှု)နှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို ရိုက်ခတ်လာသည်ဟုဆိုကာ အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကိုချမှတ်ပြီး ပြည်တွင်းရေးတွင် ကြားဝင်ကိုင်တွယ်စွက်ဖက်သည့်ပုံစံမျိုး ကျော်လွန်ကာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံပဋိညာဉ်စာချုပ် အခန်း(၇) ပုဒ်မ(၂၀) (က) အာဆီယံ၏ အခြေခံလုပ်ထုံးလုပ်နည်းအရ ဆုံးဖြတ်ချက်အားလုံးကို အဖွဲ့ဝင်နိုင်ငံ(၁၀) နိုင်ငံလုံး၏ "တူညီဆန္ဒ (Consensus)" ဖြင့်သာ ချမှတ်ရမည်ဖြစ်ပါကြောင်း။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

ယခုအခါ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသော်လည်း အာဆီယံနိုင်ငံများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစိုးရကို လေးစားမှုရှိရန် လိုအပ်သည်ကိုလေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစွက်ဖက်နှောင့်ယှက်နေမှုများအပေါ် ပြန်လည်သုံးသပ်ပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေမှန်များ၊ နိုင်ငံတော်၏ ဥပဒေကြောင်းအရ ရပ်တည်ချက်များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပြင်ပဖိအားများအပေါ်အခြေခံကာ ချမှတ်ခဲ့ခြင်းမျိုးဖြစ်နေသည်ကို စိတ်မကောင်းစရာတွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူများ အပိုဒ်(၂) အပိုဒ်ခွဲ (၁)၌ "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအရာ၌ တူညီကြသည်ဟူသော မူပေါ်တွင်အခြေခံ၍ဟု" လည်းကောင်း၊ အပိုဒ်ခွဲ(၇)တွင်လည်း "နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့် အာဏာအတွင်း၌ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိစေရ"ဟု ဖော်ပြထားချက်များနှင့်လည်း ကိုက်ညီမှုမရှိ ကျော်လွန်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁)တွင် ပြဋ္ဌာန်းထားသည့် "မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်သည်"၊ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်" ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့မြင်ရမည် ဖြစ်ပါကြောင်း။

မြန်မာ့အရေးကို မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံအစိုးရကသာဦးဆောင်ဖြေရှင်းမည်ဟူသော ရပ်တည်ချက်အား အာဆီယံမှသိရှိနိုင်စေရေးကိုရည်ရွယ်လျက် အဆိုအား လေးနက်စွာ ထောက်ခံဆွေးနွေးသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်းက အာဆီယံကို ၁၉၆၇ ခုနှစ်တွင် စတင်တည်ထောင်စဉ်ကတည်းက အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလေးစားခြင်း၊ ပြည်တွင်းရေးကိုမစွက်ဖက်ခြင်း၊ တန်းတူညီမျှမှုနှင့် တူညီဆန္ဒအခြေခံဆုံးဖြတ်ခြင်းတို့ကို အာဆီယံအဖွဲ့၏ မူလအခြေခံစံနှုန်းများအဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

အာဆီယံ၏ အခြေခံမူများနှင့် တန်းတူညီမျှမှုသည် အဖွဲ့ဝင်နိုင်ငံအားလုံးကို အချုပ်အခြာအာဏာ တန်းတူညီမျှသော နိုင်ငံများအဖြစ် အသိအမှတ်ပြုပြီး တန်းတူအခွင့်အရေးနှင့် တန်းတူတာဝန်များကို အာမခံထားသော မူလအခြေခံစံနှုန်းများပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် အာဆီယံ ASEAN Five–Point Statement သည် မြန်မာနိုင်ငံအတွက် သီးခြားသတ်မှတ်ထားသော နိုင်ငံရေးဆိုင်ရာလုပ်ဆောင်ချက်များကို အလေးပေးထားခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များအပေါ် အာဆီယံက တိုက်ရိုက်သက်ရောက်စေရန် ကြိုးပမ်းသည့်သဘောဆောင်လာပါကြောင်း၊ ယခုအချက်သည် အာဆီယံပဋိညာဉ် အပိုင်း(၂)တွင် ဖော်ပြထားသည့် ပြည်တွင်းရေးမစွက်ဖက်မှုမူနှင့် တန်းတူညီမျှမှုမူတို့အပေါ် မေးခွန်းထုတ်စရာဖြစ်လာစေပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေသည် ၂၀၂၁ ခုနှစ် ကာလနှင့်အခြေအနေချင်း များစွာကွာခြားလျက်ရှိသည်ဟူသော မြေပြင်ပကတိစိစစ်ချက်ကို အာဆီယံက သိမြင်လက်ခံရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် လွှတ်တော်သည် မြန်မာပြည်သူတို့၏ဆန္ဒအရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေမှန်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးပါဝင်မှုကို အပြုသဘောဖြင့် အသိအမှတ်ပြု၍ လေးစားတန်ဖိုးထားရန်လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး (ခ)ဦးတင်ဦးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်အား မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေလိုက်နာ ဆောင်ရွက်စေရန်ဖိအားပေးအကျပ်ကိုင်သည့်အနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံများစသည့် အရေးပါသည့် အစည်းအဝေးကြီးများကို တက်ရောက်ခွင့်မပြုဘဲ ပိတ်ပင်ကန့်သတ်ခွဲခြားဆက်ဆံလာခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်သူများရွေးချယ်တင်မြှောက်လိုက်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံရေးအသွင်ပြောင်းနိုင်မှုကို အသိအမှတ်ပြု ကြိုဆိုလက်ခံလာသော်လည်း အာဆီယံအဖွဲ့အနေဖြင့် ယနေ့အထိ မြန်မာနိုင်ငံအပေါ် ရှုမြင်ပုံနှင့်ရပ်တည်ချက်များသည် တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိသေးသည်ကို စိတ်မကောင်းဖွယ်တွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယခုကဲ့သို့ပြောဆိုလုပ်ကိုင်မှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေး အရွေ့အပြောင်းကို မျက်ကွယ်ပြုပြီး ရွေးကောက်ပွဲကိုသာမက ရွေးကောက်ပွဲအရ ပေါ်ပေါက်လာသည့် လွှတ်တော်အသီးသီးနှင့် လွှတ်တော်က ရွေးချယ်တာဝန်ပေးလိုက်သည့် နိုင်ငံတော်အစိုးရကိုပါ ဂုဏ်သိက္ခာမဲ့စွာပြောဆိုကြခြင်း ဖြစ်ပါကြောင်း။

ယင်းသည် အာဆီယံ၏အခြေခံမူဖြစ်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ်စာချုပ်တွင်ပါသည့် "နိုင်ငံရဲ့ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံရဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှု၊ ညီမျှမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို လေးစားရေးအခြေခံမူ" များကို ဖောက်ဖျက်နေခြင်း ဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် အလုပ်မဖြစ်တော့သည့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို စွန့်လွှတ်ပြီး မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်ပြောင်းလဲမှုကို အမြင်သစ်နှင့် ထိတွေ့ချဉ်းကပ်မှုအသစ်များကို ပြောင်းလဲကျင့်သုံးချိန်တန်ပြီဟု အကြံပြုတိုက်တွန်းလိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က အာဆီယံဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အစဉ်အလာကောင်းများချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအပေါ် စည်းလုံးညီညွတ်မှုတစ္စာ ဆောင်ရွက်နိုင်သည့် ကမ္ဘာက လေးစားရသော အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ်ဖိအားပေး အစည်းအဝေး တက်ရောက်မှုကို နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးခြင်းများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း၏ ဂုဏ်သိက္ခာကို စော်ကားနှိမ့်ချခြင်းသာဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်း၍ ငြိမ်းချမ်းရေးရစေရန်ဆိုသော ကောင်းမွန်သည့် အကြံပြုချက်ဟု သာမန်အားဖြင့် ယူဆနိုင်သော်လည်း နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုင်နက်နယ်မြေနှင့် အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားမှု၊ နိုင်ငံတိုင်းအား ပြည်ပမှစွက်ဖက်မှု၊ အဖျက်အမှောင့်ပြုမှုနှင့် အကျပ်ကိုင်ဖိအားပေးမှုများ ကင်းလျက် မိမိနိုင်ငံ၏ဖြစ်တည်မှုကို ဦးဆောင်ခွင့်ရှိမှု၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့်အချက်များနှင့် မကိုက်ညီဘဲ အာဆီယံ၏အခြေခံမူများနှင့်လည်း သွေဖည်နေသည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေများနှင့် လုံးဝကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကို ထောက်ခံဆွေးနွေးသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်ချပြခြင်းမရှိဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ ကြေညာချက်နောက်ဆက်တွဲတွင် ဖော်ပြခဲ့ခြင်းဖြစ်သောကြောင့် တန်းတူညီမျှမှုရှိသည့် ဘုံသဘောတူညီချက်ဖြစ်နိုင်မှုရှိ၊ မရှိကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီ ဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅)ရပ်တွင် အချက်(၃)နှင့်(၅)သည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေနိုင်ပါကြောင်း၊ ပြည်တွင်းအရေးကို ပြည်တွင်းမှာသာဖြေရှင်းခြင်းသည် သဘာဝကျပါကြောင်း၊ အာဆီယံ၏အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်ဟူသော မူနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရသည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်က အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် ယခုအခါ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရဦးဆောင်နေသည့် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေများနှင့် များစွာကွဲလွဲနေပြီး အာဆီယံနိုင်ငံများလိုက်နာရန် သဘောတူထားသည့် အာဆီယံပဋိညာဉ်စာတမ်းနှင့်လည်း ဆန့်ကျင်နေသည်များကို တွေ့ရှိရပါကြောင်း။ စာမျက်နှာ ၇ သို့ ☆

# ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၇

လွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် ပထဝီ နိုင်ငံရေး၊ ပထဝီ စီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာ အခန်းကဏ္ဍဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌက ယနေ့ဆွေးနွေးပွဲသည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC)၏ ပထမဦးဆုံး စတင်သည့် ဆောင်ရွက်ချက် ဖြစ်ပါကြောင်း၊ JCC အဖွဲ့၏ ရည်ရွယ်ချက်မှာ လွှတ်တော်သည် ဂုဏ်သိက္ခာရှိပြီး အဆင့်အတန်း မြင့်မားသည့် လွှတ်တော်ဖြစ်စေရေးနှင့် ဝမ်းစာရှိပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဝမ်းစာထပ်မံပြည့်ဝအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကမ္ဘာ့လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ပြီး လွှတ်တော်၏ အခန်းကဏ္ဍအနေဖြင့် မည်သို့ပါဝင်လုပ်ဆောင်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးပွဲတွင် ပညာရှင်များနှင့် ကိုယ်စားလှယ်များ အပြန်အလှန် ဆွေးနွေးစေလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ယခုလို စွမ်းရည်မြှင့်တင်ရေးဆွေးနွေးပွဲများမှ တစ်ဆင့် လွှတ်တော်၏ အကျိုးနှင့် နိုင်ငံတော်၏အကျိုးကို ဖြစ်ထွန်းစေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က ပထဝီနိုင်ငံရေး အပြောင်းအလဲများနှင့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ရပ်တည်မှုခေါင်းစဉ်ဖြင့် တွေးစရာ၊ မေးစရာများနှင့်အတူ လွှတ်တော်၏ အခန်းကဏ္ဍကိုလည်းကောင်း၊ ဒေါက်တာဇော်ဦးက ပထဝီ စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအခွင့်အလမ်းခေါင်းစဉ်ဖြင့် မြန်မာ ပထဝီ စီးပွားရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို လည်းကောင်း နိုင်ငံတကာရေးရာများနှင့်ဆက်စပ်၍ ဆွေးနွေးဟောပြောရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်း ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ (JCC) ဥက္ကဋ္ဌက ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ် ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌက ဆွေးနွေးဟောပြောပေးခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၆ မှ

လက်ရှိတွင် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မြန်မာနိုင်ငံအတွက် မလိုအပ်သကဲ့သို့ အာဆီယံနိုင်ငံများအကြား လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အာဆီယံက ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ပြီး တစ်ဖက်သတ်ချမှတ်ထားသည့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး လက်ရှိနိုင်ငံရေး အခြေအနေနှင့်လည်း လက်တွေ့ဆန်ဆန် ကိုက်ညီမှုမရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က အာဆီယံ ထုတ်ပြန်ချက်(၅) ရပ်အပေါ် တုံ့ပြန်မှု ပကတိ အရှိတရား(၅) ချက် အနေဖြင့် အာဆီယံ၏ ထုတ်ပြန်ချက် (၅) ရပ်သည် အဖွဲ့ဝင်နိုင်ငံများ၏ အမှန်တကယ် ဘုံသဘောတူညီချက် (Consensus) မဟုတ်ဘဲ အလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆက်တွဲထုတ်ပြန်ချက် (Statement)သာဖြစ်ပြီး ယင်းသို့ ထုတ်ပြန်ခြင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်း၊ ဖိအားများပေးခြင်းတို့သည် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါအခြေခံမူများ၊ သဘောတူညီချက်များနှင့် သွေဖည်နေခြင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး သမိုင်းစဉ်တစ်လျှောက်လုံးတွင် မည်သူ့ကိုမျှ ထိခိုက်နစ်နာစေခဲ့ခြင်းမရှိဘဲ စေတနာမှန်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တိုင် (Mile Stones) အစဉ်အလာကောင်းများဖြင့် ဂုဏ်သိက္ခာရှိစွာ ရှေ့ဆက် ကြိုးပမ်းနေခြင်း။

အချို့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်များအပေါ် သေချာစွာနားလည်ရန် လိုအပ်နေပြီး နိုင်ငံကြီးအချို့၏ အားပြိုင်စမ်းသပ်ပွဲတွင် အသုံးချခံဖြစ်ရာမှ အာဆီယံဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် အကျိုးစီးပွားများအပေါ် မထိခိုက်စေလိုခြင်း။

မြန်မာနိုင်ငံ၌ လက်ရှိကာလတွင် ဒီမိုကရေစီနှင့်အညီ လွှတ်တော်နှင့်အစိုးရတို့ ပေါ်ထွန်းလာပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲတိုးတက်လာနေပြီဖြစ်၍ အာဆီယံ၏ ထုတ်ပြန်ချက် (၅) ရပ်သည် ပကတိအရှိတရားနှင့်ကိုက်ညီမှုမရှိခြင်း။

စည်းလုံးညီညွတ်ပြီး ဘက်စုံတိုးတက်မည့် အာဆီယံအသိုက်အဝန်း ဖြစ်ထွန်းတည်တံ့နိုင်ရေးတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စီးပွားရေး၏ အရေးပါမှုအလားအလာများအပေါ် အလေးထား၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုမှသည် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများ ဆက်လက်ဖြစ်ထွန်းနေစေရေးတို့အတွက် မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံကာ အနာဂတ်အား မဟာဗျူဟာအမြင်ဖြင့် ဆက်စပ်တွေးခေါ်မြော်မြင်ပြီး အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်းက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးဆိုသည့် မူဝါဒသည် အခြားနိုင်ငံများ၏ မဟုတ်မမှန် အနိုင်ကျင့်စွပ်စွဲမှုများကို ခေါင်းငုံ့ခံ ရမည်ဟုမဆိုလိုပါကြောင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့လည်း ထိုမူဝါဒရှိပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံကို ထိပါးလာပါက ၎င်းတို့၏ MOFA ဝန်ကြီး(သို့) သံအမတ်ကြီးတစ်ဦးဦးက နိုင်ငံတကာမီဒီယာများတွင် ချက်ချင်း တုံ့ပြန်ချေပကြကြောင်း၊ မိမိနိုင်ငံကိုချစ်သည်ဆိုသည်မှာ မိမိနိုင်ငံအား မဟုတ်မမှန်၊ အနိုင်ကျင့် ပြောဆိုလာခြင်းကို ခေါင်းငုံ့မခံဘဲ ချက်ချင်းတုံ့ပြန်ခြင်းပင် ဖြစ်ပါကြောင်း၊ "တိတ်တိတ်နေ ထောင်တန်သည်"ဟုယူဆထားသော အတွေးအခေါ်မှ ပိုမိုအားမနာတတ်သော သတ္တိရှိရှိ Proactive(ထိုးစစ်) လုပ်ရမည်ဟူသော ခံယူချက်သို့ ပြောင်းလဲရမည်ဖြစ်ပါကြောင်း။

"ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ"ဖြစ်စေရန်၊ မြန်မာပြည်အနေဖြင့်လည်း ASEAN အပေါ် အစပျိုးမှု၊ တက်ကြွမှုရှိကြောင်းပြနိုင်ရန်၊ ASEAN ကိုလည်း လှေကားလှလှဖြင့် သာသာယာယာဆင်းနိုင်စေရန်၊ နိုင်ငံတော်နှင့် လွှတ်တော်တို့ ပူးပေါင်းကာ ASEAN Five – Point Statement Special Committeeကို ဖွဲ့စည်းပြီး ASEAN Direct Engagement ကို လာမည့် (၅)လအတွင်း အကောင်အထည်ဖော်သင့်ပါကြောင်း။

မြန်မာနိုင်ငံသမ္မတကြီး အိန္ဒိယ၊ တရုတ် ခရီးစဉ်များ အောင်မြင်စွာပြီးဆုံးပြီး NewYork Times, Investigate Asia စသည်တို့အပါအဝင် အနောက်နိုင်ငံ Media များမှ Anti-Govt, Anti-Myanmar Media Campaign များစတင်ပြုလုပ်လာပြီကို သတိရှိစေလိုပါကြောင်း၊ ပြည်တွင်း မီဒီယာများတွင်သာ ပြောနေ၍ မရပါကြောင်း၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိနိုင်ငံကို ချစ်စိတ်အပြည့်ဖြင့် နိုင်ငံတကာ မီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ရဲရဲဝံ့ဝံ့တက်တက်ကြွကြွ ထိထိမိမိ စတင်တုံ့ပြန်ကြရန် လိုအပ်ပါကြောင်း အဆိုအား ထောက်ခံ ဆွေးနွေးသည်။

မွန်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံက အာဆီယံပဋိညာဉ်စာတမ်းတွင် အဓိကအသက်သွေးကြောအဖြစ်ပါဝင်ခဲ့သည်မှာ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်ဖြစ်ပါကြောင်း၊ သို့သော်လည်း အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ၏ ထုတ်ပြန် ကြေညာချက်ဖြစ်သည့် မြန်မာနိုင်ငံအရေး အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်များကိုကျော်လွန် စွက်ဖက်ရန် ကြိုးပမ်းလာသည့်အပြင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ တန်းတူညီမျှမှုကိုပါ တိုက်ရိုက်ထိခိုက်စေသည့်အတွက်ပြည်ထောင်စုအစိုးရအနေဖြင့် ထိန်းညှိတုံ့ပြန်ရမည့်အချိန် ကျရောက်ပြီဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို ငြင်းဆန်ရခြင်းမှာ စိတ်လိုက်မာန်ပါ တုံ့ပြန်ခြင်း မဟုတ်ဘဲ အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် ပဋိညာဉ်စာတမ်း၏ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(က) တွင် အာဆီယံသည်အဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို လေးစားရမည်ဟူ၍ လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(င) တွင်အဖွဲ့ဝင်နိုင်ငံများ၏ပြည်တွင်းရေးကိုစွက်ဖက်ခြင်းမပြုရန်ဟုလည်းကောင်း ဖော်ပြထားသော်လည်း ယခုမြန်မာနိုင်ငံနှင့်ပတ်သက်သည့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံအုတ်မြစ်ကို တိုက်ရိုက်ချိုးဖောက်နေခြင်းသာ ဖြစ်ပါကြောင်း၊ မိမိတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သော်လည်း နိုင်ငံတော်၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာကို အထိအနိုက်ခံမည် မဟုတ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံသည် အာဆီယံကို စတင်ဝင်ရောက် ခဲ့ချိန်မှစ၍ ယနေ့အထိ အာဆီယံ၏ရည်ရွယ်ချက်၊ ပဋိညာဉ်စာတမ်း၊ အခြေခံမူများကို အစဉ်လေးစားလိုက်နာပြီး အာဆီယံ၏ လုပ်ငန်းအားလုံးတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် (၅)ရပ် ထုတ်ပြန်ပြီးနောက် အာဆီယံသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မေလအထိ ပြုလုပ်သော အာဆီယံ အစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ ခေါင်းဆောင်များ၊ ဝန်ကြီးအဆင့်များကို ဖိတ်ကြားခြင်းမပြုဘဲ နိုင်ငံရေးမဟုတ်သော ကိုယ်စားလှယ်ကိုသာ တက်ရောက်ခွင့်ပြုခဲ့သည်မှာ အာဆီယံပဋိညာဉ်ပါ အခြေခံမူဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ တန်းတူအခွင့်အရေးကို ထိခိုက်စေပါကြောင်း၊ အာဆီယံအဖွဲ့၏ ခွဲခြားဆက်ဆံမှုကို နိုင်ငံတော်အစိုးရက လက်မခံသကဲ့သို့ ပြည်သူအားလုံးကလည်း လက်မခံပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သော လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြုလုပ်ခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏ တရားဝင်လွှတ်တော်များနှင့် ရွေးကောက်ခံ အစိုးရသစ်တစ်ရပ်ဖြစ်ပေါ်နေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ပြန်လည်သုံးသပ်ပြီး တန်းတူညီမျှစွာ ချစ်ကြည်ရင်းနှီးမှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းလုပ်ကိုင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့်သာ ဒေသအတွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို ဇူလိုင် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

## မလက္ကာရေလက်ကြားဖြတ်သန်းသွားလာရေးဘေးကင်းစေရန် စင်ကာပူနှင့် အင်ဒိုနီးရှား ကဏ္ဍအလိုက် ဆောင်ရွက်သွားမည်



**ဂျကာတာ ဇူလိုင် ၇**

စင်ကာပူနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံတို့သည် မလက္ကာရေလက်ကြားနှင့် စင်ကာပူရေလက်ကြား တစ်လျှောက် ကမ်းရိုးတန်းများရှိသည့် နိုင်ငံများဖြစ်ကြသည့်အလျောက် မဟာဗျူဟာမြောက် မဟာမိတ်ပြုထားသည့် နိုင်ငံများဖြစ်သည်ဟု ဝန်ကြီးချုပ် လောရင့်စ်ဝေါင်းက ဇူလိုင် ၆ ရက်တွင် ပြောကြားခဲ့ပြီး အဆိုပါရေလမ်းကြောင်းကို လူတိုင်းအတွက် ဘေးကင်းလုံခြုံ၍ ပွင့်လင်းကာ ဖြတ်သန်းသွားလာနိုင်စေရန် နှစ်နိုင်ငံစလုံးက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျကာတာမြို့ရှိ အစ္စတာနာမာဒီကာ သမ္မတအိမ်တော်၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် စင်ကာပူ-အင်ဒိုနီးရှား ခေါင်းဆောင်များ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုနှင့်အတူ ပြုလုပ်ခဲ့သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ် ဝေါင်းက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

မလက္ကာရေလက်ကြားသည် ကမ္ဘာ့ကုန်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍအတွက် အဓိကကျသော သင်္ဘောလိုင်းလမ်းကြောင်းတစ်ခုဖြစ်ပြီး အဓိကအားဖြင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေကာ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ



## တရုတ်နိုင်ငံမှ အရေးပေါ် ငလျင်ကယ်ဆယ်ရေးပစ္စည်းများ ဗင်နီဇွဲလားနိုင်ငံသို့ လေကြောင်းမှတစ်ဆင့်ရောက်ရှိလာ

**ကရာကတ်စ် ဇူလိုင် ၇**

ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကရာကတ်စ်မြို့အနီး မိုင်ကေတီယာရှိ ဆီမွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်အစိုးရက ဗင်နီဇွဲလားနိုင်ငံသို့ ထောက်ပံ့ကူညီသည့် ပထမအသုတ် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါကယ်ဆယ်ရေးပစ္စည်းများကို ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး အိုင်ဗန်ဂေးလ်နှင့် ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လန်ဟူတို့က လက်ခံရယူခဲ့ကြသည်။

ငလျင်များလှုပ်ပြီးကတည်းက တရုတ်နိုင်ငံသည် ဗင်နီဇွဲလားအစိုးရနှင့် နီးကပ်စွာ ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ယင်းကဲ့သို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီပေးခဲ့သည့်အတွက် ဗင်နီဇွဲလားပြည်သူများကိုယ်စား တရုတ်အစိုးရနှင့် တရုတ်ခေါင်းဆောင်များကို ကျေးဇူးတင်ရှိသည်ဟု ဝန်ကြီး ဂေးလ်က ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## ထူးဆန်းသည့် ခရိုမီယမ်အရောင်ရှိသော အလုံးကြီးများ ဩစတြေးလျနိုင်ငံ ဖောရက်စ်ကမ်းခြေဘက်သို့ မျောပါလာ

**ကင်ဘာရာ ဇူလိုင် ၇**

ထူးဆန်းသည့် ခရိုမီယမ်အရောင်ရှိသော အလုံးကြီးများသည် ဩစတြေးလျနိုင်ငံ တောင်းစ်ဗေးလ်မြို့၏ မြောက်ဘက် ၈၀ ကီလိုမီတာခန့်အကွာတွင်ရှိသည့် ဖောရက်စ်ကမ်းခြေဘက်သို့ ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် စတင်မျောပါလာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကွင်းစလန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၅ ရက်တွင် အဆိုပါအလုံး စုစုပေါင်း ခြောက်လုံးကို ဆယ်ယူရရှိခဲ့ကြောင်း ဩစတြေးလျ အသံလွှင့်ကော်ပိုရေးရှင်းက သတင်းထုတ်ပြန်သည်။

တာဝန်ရှိသူများက မီတာ ၅၀ အကွာအဝေးရှိသော ကန့်သတ်ဇုန်တစ်ခုကို သတ်မှတ်ပိတ်ဆို့ခဲ့ပြီး ကမ်းခြေ၏ တစ်စိတ်တစ်ပိုင်းကိုလည်း ပိတ်ပစ်ခဲ့သည်။

အကာအကွယ်ဝတ်စုံ ဝတ်ဆင်ထားသည့် အဖွဲ့ဝင်များသည် အဆိုပါ အလုံးများအတွင်း အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ပါဝင်နေမည်ကို စိုးရိမ်သောကြောင့် ရဲတပ်ဖွဲ့၏ စောင့်ကြပ်မှုအောက်တွင် ထားရှိဆဲဖြစ်ကြောင်း သိရသည်။ **Mon**



## အမေရိကန် နည်းပညာကုမ္ပဏီ စတော့ရှယ်ယာဈေးနှုန်းများ ကမ္ဘာ့သုံးလပတ် ဝင်ငွေရာသီစတင်ချိန်၌ မြင့်တက်လာခဲ့

**ဝါရှင်တန် ဇူလိုင် ၇**

ကမ္ဘာ့သုံးလပတ် ဝင်ငွေရာသီစတင်လာသည်နှင့်အမျှ ဇူလိုင် ၆ ရက်တွင် အဓိကစတော့ဈေးကွက်များ မရေမရာဖြစ်နေသော်လည်း အမေရိကန် နည်းပညာကုမ္ပဏီများ၏ စတော့ရှယ်ယာဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဉာဏ်ရည်တုနှင့် ဆက်စပ်နေသည့် ကုမ္ပဏီများ၏ တန်ဖိုးဖြတ်မှုများသည် လွန်ကဲနေနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် ဖွန်လကုန်ပိုင်းတွင် အခြေအနေ ခက်ခဲခဲ့ပြီးနောက် ယခင်လအတွင်း အမေရိကန်အလုပ်အကိုင် ဖန်တီးပေးနိုင်မှု မျှော်မှန်းထားသည်ထက် လျော့နည်းခဲ့သဖြင့် ယခင်အပတ်က ဈေးကွက်အခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့သည်။

ယင်းအခြေအနေသည် မြင့်တက်နေသော ငွေကြေးဖောင်းပွမှုကို တုံ့ပြန်ရန်အတွက် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းများကို တိုးမြှင့်နိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကို လျော့ပါးသက်သာစေခဲ့ကြောင်း သိရသည်။ **Mon**

## တောင်ပိုင်းဥရောပ၏ ကျယ်ပြန့်သော ဒေသများတွင် ပြင်းထန်သော တောမီးများ ကူးစက်လောင်ကျွမ်းနေ

**ပေကျင်း ဇူလိုင် ၇**

တောင်ပိုင်းဥရောပ၏ ကျယ်ပြန့်သော ဒေသများတစ်လျှောက် ပြင်းထန်သော တောမီးများ ကူးစက်လောင်ကျွမ်းနေသဖြင့် ယခုနှစ် တူးဒီဖရန့်စ်စက်ဘီးစီးပြိုင်ပွဲ၏ တတိယအဆင့် လမ်းကြောင်းတစ်စိတ်တစ်ပိုင်းတွင် ပရိသတ်များ ကြည့်ရှုခြင်းကို ယမန်နေ့က ပိတ်ပင်ခဲ့ကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း ဥရောပတစ်လွှား၌ ကျယ်ပြန့်သော တောမီးလောင်ကျွမ်းမှုများသည် နွေရာသီတွင် ပိုမိုပုံမှန်ဖြစ်ပွားလေ့ရှိသည့် အခြေအနေတစ်ခုဖြစ်လာခဲ့ပြီး ယခုနှစ်တွင် ပေါ်တူဂီ၊ စပိန်၊ ဂရိနှင့် ပြင်သစ်နိုင်ငံတို့မှာ အစောဆုံး ထိခိုက်ခံစားရသည့် နိုင်ငံများဖြစ်သည်။

အဆင့် ၂၁ ဆင့်ဖြင့် ကီလိုမီတာ ၃၃၀၀ ကျော်ကို စက်ဘီးစီး သမား ၁၈၄ ဦး ဖြတ်သန်းယှဉ်ပြိုင်ကြသည်ကို ကြည့်ရှုရန် လူအုပ်ကြီးကို ဆွဲဆောင်နိုင်သည့် ကမ္ဘာ့အကျော်ကြားဆုံး စက်ဘီးစီးပြိုင်ပွဲကို ပီရီနီးစ်အိုရီယန်တဲလ်ဒေသရှိ ထရီဗီလက်ခ်မြို့အနီး၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းဒေသ၌ တောမီးလောင်ကျွမ်းမှုများကြောင့် စိုးရိမ်ရသည့်အခြေအနေဖြင့် လူနှစ်ဦးကို ဆေးရုံတင်ထားရကြောင်း သိရသည်။ **Mon**

STOP AIDS

## တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်း အီလက်ထရွန်းနစ်ကုမ္ပဏီ အမြတ်အစွန်း ၁၉ ဆအထိ ခုန်တက်သွားမည်ဟု မျှော်လင့်ထား

**ဆိုးလ် ဇူလိုင် ၇**

ကမ္ဘာ့အတိုင်းအတာဖြင့် ဉာဏ်ရည်တုမှတ်ဉာဏ်ချစ်ပ်များ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် မိမိတို့၏ အမြတ်အစွန်းသည် ၁၉ ဆအထိ ခုန်တက်သွားရန် မျှော်လင့်ထားသည်ဟု တောင်ကိုရီးယား နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဆမ်ဆောင်း အီလက်ထရွန်းနစ်က ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါကုမ္ပဏီသည် ဧပြီလအစမှ ဇွန်လအဆုံးအထိ ကာလအတွင်း ဝမ် ၈၉ ဒသမ ၄ ထရီလီယံ (ပေါင် ၄၃ ဒသမ ၆ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၄ ဘီလီယံ) ရရှိခဲ့မည်ဟု ခန့်မှန်းထားပြီး ယင်းပမာဏသည် သုံးသီတင်းပတ်ဆက်တိုက် စံချိန်တင် စာရင်းဝင်ခဲ့သည့် သုံးလပတ်လုပ်ငန်းလည်ပတ်မှု အမြတ်အစွန်းဖြစ်သည်ဟု ဆိုသည်။



ဆမ်ဆောင်း ကဲ့သို့သော တောင်ကိုရီးယား ထိပ်သီးကုမ္ပဏီကြီးများသည် ရင်းနှီးမြှုပ်နှံသူများကို လမ်းညွှန်ကူညီပေးနိုင်ရန်အတွက် တရားဝင်အသေးစိတ်အစီရင်ခံစာများ မထုတ်ပြန်မီ ၄င်းတို့၏ ဝင်ငွေခန့်မှန်းချက်များကို ကြိုတင်ထုတ်ပြန်လေ့ရှိကြောင်း သိရသည်။ **Mon**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ကိုးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ အီသီယိုပီးယားနိုင်ငံသား သုံးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Nikita Belous နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ Office Of The Police Attache မှ Police Colonel Mr. Neftaly Adia Donato နှင့် တာဝန်ရှိသူများ၊ အီသီယိုပီးယားနိုင်ငံ၊ နီပေါနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၅၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၅၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

✪ စာမျက်နှာ ၂၄ မှ

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးများဖြင့် ဇွန် ၂၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ ခဲယမ်းနှင့် အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စာသင်ကျောင်းများ၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်များကို အမြန်ဆုံးဖယ်ရှား ရှင်းလင်း၍ စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် အဆိုပါဒေသ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ချောက်မြို့နယ် ပွင့်လင်းကျေးရွာရှိ စာသင်ကျောင်းအတွင်းမှ အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ် ဆူးတောကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်း ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ် ဝက်ပါကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။





PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စာသင်ကျောင်းများအတွင်း ယာယီစစ်စခန်းအဖြစ်အသုံးပြုကာ မိုင်းများထောင်ထားသည့် မှတ်တမ်းဓာတ်ပုံ။

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကြိုးစားမှုနောက်ကွယ်က အောင်မြင်မှုပန်းတိုင်နှင့် ဆေးတက္ကသိုလ်တက်ရောက်ရန် မျှော်မှန်းထားသူ တစ်နိုင်ငံလုံး အဆင့်(၈)ရရှိသည့် မသင်းပျံ့ပြည့်စုံခင်နှင့် တွေ့ဆုံမေးမြန်းခြင်း

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်ရှိ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်းမှ သိပ္ပံတွဲဘာသာရပ်ဖြင့် ဝင်ရောက်ဖြေဆိုခဲ့သည့် ကျောင်းသူ မသင်းပျံ့ပြည့်စုံခင်(ခုံနံပါတ်-မမလ ၂၉၈)သည် စုစုပေါင်းရမှတ် ၅၅၁ မှတ်ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အဆင့်(၈)နေရာကို ထူးချွန်ပြောင်မြောက်စွာ ဆွတ်ခူးရရှိခဲ့ပြီး မိခင်ကျောင်းနှင့် ဒေသအတွက်ပါ ဂုဏ်ဆောင်နိုင်ခဲ့ပါသည်။

တစ်နိုင်ငံလုံးအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မသင်းပျံ့ပြည့်စုံခင်သည် မောင်နှမ နှစ်ယောက်အနက် အကြီးဆုံးဖြစ်ကာ ၎င်းတွင် မောင်လေးတစ်ယောက်ရှိပြီး မိခင်ဖာတိ ပြင်ဦးလွင်မြို့မှနေ၍ မလှိုင်မြို့ရှိ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်းသို့ လာရောက်၍ အဆောင်နေကျောင်းသူအဖြစ် စနစ်တကျ ဝီရိယစိုက်ထုတ် ပညာသင်ကြားခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ စာမေးပွဲတွင် တစ်နိုင်ငံလုံးအဆင့်(၈)အထိ ထူးချွန်စွာ ဆွတ်ခူးရရှိခဲ့သည့် ၎င်း၏ ကြိုးစားအားထုတ်မှုဖြစ်စဉ်များ၊ အခက်အခဲများကို ကျော်ဖြတ်ခဲ့ပုံများနှင့် အနာဂတ်ရည်မှန်းချက်များနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းခဲ့သည်များကို မန္တလေးနေ့စဉ်သတင်းစာက ကောက်နုတ်ဖော်ပြလိုက်ရပါသည်-

**မေး။** ။ ပထမဦးစွာ သမီးရဲ့အမည်နဲ့ မိသားစုနောက်ခံ၊ ဖြေဆိုခဲ့တဲ့ ဘာသာရပ်တွဲလေးကို သတင်းစာဖတ်ပရိသတ်တွေအတွက် မိတ်ဆက်ပေးပါဦးရှင့်။

**ဖြေ။** ။ ဟုတ်ကဲ့ပါရှင့်။ သမီးရဲ့နာမည်ကတော့ မသင်းပျံ့ပြည့်စုံခင် ဖြစ်ပါတယ်ရှင့်။ အခုထုတ်ပြန်ကြေညာခဲ့တဲ့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ Top Ten ထိပ်ဆုံးဆယ်ဦး စာရင်းဝင်တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်၊ သမီးက မလှိုင်မြို့နယ်မှာရှိတဲ့ မိသားစု ကိုယ်ပိုင်အထက်တန်းကျောင်းကနေပြီးတော့ သိပ္ပံတွဲဘာသာရပ်ကို အထူးပြုရယူဖြေဆိုပြီး ထူးချွန်စွာ အောင်မြင်ခဲ့တဲ့ ကျောင်းသူတစ်ဦး ဖြစ်ပါတယ်ရှင့်။

**မေး။** ။ အခုလိုမျိုး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဆင့်(၈)နေရာ Top Ten စာရင်းဝင်အဖြစ် အောင်မြင်ခဲ့တဲ့အတွက် ရင်ထဲမှာ ဘယ်လိုမျိုး ပီတိဖြစ်ခံစားရလဲရှင့်၊ ပြီးတော့ ဒီလိုမျိုး ထိပ်တန်းအဆင့် ရရှိလိမ့်မယ်လို့ အစကတည်းက ကြိုတင်ခန့်မှန်း မျှော်လင့်ထားတာမျိုး ရှိခဲ့ပါသလား။

**ဖြေ။** ။ သမီးအနေနဲ့ တစ်နိုင်ငံလုံးအဆင့်အထိ ဒီလိုမျိုးနေရာရလိမ့်မယ်လို့ အစကတည်းက လုံးဝမျှော်လင့်မထားခဲ့ပါဘူးရှင့်။ တကယ်တမ်း အောင်စာရင်းထွက်လို့ နိုင်ငံအဆင့်ဝင်သွားပြီဆိုတာကို သိလိုက်ရတဲ့ အချိန်မှာတော့ တကယ်ကို ဝမ်းသာပီတိဖြစ်ပြီး အတိုင်းမသိ ပျော်ရွှင်မိပါတယ်၊ သမီးအနေနဲ့ မူလကတော့ အများဆုံး ခြောက်ဘာသာဂုဏ်ထူးရရှိဖို့ကိုပဲ အဓိက ဦးတည်မှန်းထားခဲ့တာဖြစ်ပြီး ကံကောင်းရင်တော့ မန္တလေးတိုင်းဒေသကြီးအဆင့်လောက်ပဲ ဝင်နိုင်မယ်လို့ ထင်ထားခဲ့တာ ဖြစ်ပါတယ်ရှင့်။

**မေး။** ။ ဒီလိုမျိုး ခြောက်ဘာသာဂုဏ်ထူးရရှိရုံတင်မကဘဲ နိုင်ငံအဆင့် Top Ten ထဲအထိ ဝင်ရောက်သွားနိုင်ဖို့အတွက် စာပေလေ့လာတဲ့နေရာမှာ ဘယ်လိုမျိုး စနစ်တကျနဲ့ ပိုမိုထူးကဲအောင် ကြိုးစားအားထုတ်ခဲ့ရလဲဆိုတာ သိပါရစေ။

**ဖြေ။** ။ သမီးက တစ်နေ့စာတစ်နေ့ ပုံမှန်မပျက်မကွက် သေချာလေး အာရုံစိုက်ပြီးတော့ လေ့ကျင့်ကျက်မှတ်ခဲ့ပါတယ်၊ ကျောင်းကနေပြီးတော့ စနစ်တကျချမှတ်ပေးထားတဲ့ Study Plan(သင်ကြားရေးအစီအစဉ်)စာရင်းတွေကိုလည်း မလစ်ဟင်းရအောင် သေချာလိုက်နာလုပ်ဆောင်ခဲ့ပါတယ်၊ စာလုပ်ရတဲ့ကာလအတွင်းမှာ ပင်ပန်းပြီး စိတ်ဓာတ်ကျတာမျိုးတွေ ရှိခဲ့ပေမယ့်လည်း အောင်စာရင်းထွက်တဲ့နေ့ကျရင် မိဘနဲ့ ဆရာသမားတွေရှေ့မှာ ပြုံးနိုင်ရမယ်ဆိုတဲ့ အသိစိတ်နဲ့ သေချာလေး ပြန်လည်ခွဲကပ်ပြီး လေ့ကျင့်ခဲ့ပါတယ်။ နောက်တစ်ခုက သမီးက နဂိုကတည်းက လက်ရေးနည်းနည်းနှေးတဲ့ အားနည်းချက်ရှိတဲ့သူဆိုတော့ မြန်မာစာရေးသားဖြေဆိုတဲ့နေရာမှာ အချိန်မီစေဖို့အတွက် Timer (အချိန်မှတ်နာရီ)တွေ သတ်မှတ်ပြီးတော့ အမြန်ရေးနိုင်အောင် အကြိမ်ကြိမ်လေ့ကျင့်ခဲ့ပါတယ်၊ စာလုပ်တဲ့အခါမှာလည်း အချက်အလက်တွေ ကျန်ခဲ့မှာစိုးတဲ့အတွက် ကိုယ်ပိုင်မှတ်စု စာအုပ်သပ်သပ်ထားပြီးတော့ သမီးနေ့စဉ်လုပ်ဆောင်ရမယ့်စာတွေကို အဲ့ဒီစာအုပ်ထဲမှာ စနစ်တကျချရေးပါတယ်၊ ပြီးတော့ ဘယ်ဘာသာရပ်ကို ဘယ်လောက်အထိ အချိန်ပေးမယ်ဆိုတာကို ကျောင်းကပေးထားတဲ့ Plan အပေါ်မှာ အခြေခံပြီး ကိုယ်ပိုင် Plan သေးသေးလေးတွေ ထပ်မံခွဲခြားပြီးတော့ အချိန်ကို အကျိုးရှိရှိအသုံးချပါတယ်၊ သမီးက စာဖြေရင် ရှန်းတတ် (Careless ဖြစ်ပြီး လွတ်သွားတတ်)တဲ့အလေ့အထရှိတာမို့ လေ့ကျင့်တဲ့အခါတိုင်း ကိုယ်မှားတတ်တဲ့ အမှားလေးတွေကို အမြဲတမ်း သီးသန့်မှတ်သားထားပြီး နောင်မမှားအောင် သေချာလေး ဂရုစိုက်လေ့ကျင့်ခဲ့ပါတယ်၊ အင်္ဂလိပ်စာ Essay နဲ့ Letter တွေကိုလည်း အချိန်ရရင်ရသလို




သေချာလေး ပုံစံတကျ ရေးသားလေ့ကျင့်ပြီး မိမိဘာသာ ရေးသားထားတာတွေကို ကျောင်းက ဆရာ၊ ဆရာမတွေကို သေချာပြသစစ်ဆေးမေးမြန်းပြီး မှားယွင်းမှု လုံးဝမရှိအောင် ပြင်ဆင်ခဲ့ပါတယ်ရှင့်။

**မေး။** ။ ကျောင်းစာသင်ချိန်တွေ ပြီးဆုံးသွားတဲ့အခါမျိုးမှာရောကျောင်းပြင်ပ စာကျက်ချိန်တွေကို ဘယ်လိုမျိုး အချိုးကျ ခွဲဝေအသုံးချဖြစ်ခဲ့လဲရှင့်။

**ဖြေ။** ။ သမီးတို့က အဆောင်နေကျောင်းသူတွေ ဖြစ်ကြတဲ့အတွက် ကျောင်းရဲ့ စာသင်ချိန်တွေ ပြီးသွားရင်လည်း နောက်ထပ် ညစာကျက်ချိန် သပ်သပ်ရှိတာမို့ အဲ့ဒီသတ်မှတ်ထားတဲ့ အချိန်တွေမှာပဲ အဓိကထားပြီး အာရုံစိုက်လုပ်ဆောင်တာဖြစ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်အတွက် စာလေ့လာချိန်ပိုပြီးထွက်ပေါ်လာအောင်လို့ နေ့စဉ် ပုံမှန်လုပ်ဆောင်ရမယ့် ထမင်းစားချိန်တွေ၊ ရေချိုးချိန်တွေကို တတ်နိုင်သမျှ လျှော့ချပြီး အဲ့ဒီက ရလာတဲ့ အချိန်ပိုလေးတွေမှာ ရရင်ရသလို စာအုပ်ကိုပြန်လည်လှန်လှောပြီး လေ့လာမှတ်သားမှုတွေ ပြုလုပ်ခဲ့ပါတယ်ရှင့်။

**မေး။** ။ ဘာသာရပ်တစ်ခုချင်းစီအလိုက် အမှတ်ကောင်းကောင်း ရရှိစေဖို့အတွက် သမီးရဲ့ကိုယ်ပိုင်လေ့လာမှတ်သားနည်း လျှို့ဝှက်ချက်လေးတွေကိုလည်း အနည်းငယ် ဝေမျှပေးပါဦး။

**ဖြေ။** ။ မြန်မာစာဘာသာရပ်မှာဆိုရင်တော့ ကဗျာပိုင်းတွေကို မလွတ်တမ်း သေချာကျက်မှတ်ပါတယ်၊ မေးခွန်းအပုဒ်ရှည်တွေကို ဆိုရင်တော့ အလွတ်ကျက်တာထက် စာသားရဲ့ ဆိုလိုရင်းကိုနားလည်အောင် အရင်ဆုံး ဖတ်ရှုပါတယ်၊ ဒါပေမဲ့ အဓိက လေ့လာမှတ်သားရမယ့် ကဗျာနဲ့ ခက်ဆစ်တွေဆိုရင်တော့ အမှတ်အပြည့်ရအောင် အလွတ်ရတဲ့အထိ ကျက်မှတ်ပါတယ်၊ ကျန်တဲ့စကားပြေ အပုဒ်ရှည်တွေကိုတော့ ကိုယ့်ဘာသာကိုယ် အဓိပ္ပာယ်ရှိရှိ ပြန်လည်ရေးသားနိုင်ဖို့ လိုရင်းကိုနားလည်အောင် ဖတ်ရှုတဲ့နည်းလမ်းကိုသုံးပါတယ်။ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ်တွေမှာတော့ ကျောင်းက ဆရာ၊ ဆရာမတွေ သင်ကြားပြသပေးတဲ့ အပိုင်းတွေကိုပဲ အထူးအာရုံစိုက်ပြီး ကျောင်းက ချမှတ်ပေးထားတဲ့ Guide Line(လမ်းညွှန်ချက်)အတိုင်းပဲ တိတိကျကျ လိုက်နာလုပ်ဆောင်ပါတယ်၊ စာတွေအလွတ်ကျက်မှတ်ရမယ့် နေရာမှာလည်း အလွတ်ကျက်ရုံတင် မဟုတ်ဘဲ ကိုယ်တိုင် Note(မှတ်စု)ထုတ်တာနဲ့ လက်နဲ့ အကြိမ်ကြိမ် ချရေးတာတွေကို အဓိကထားပြီး လုပ်ဆောင်ခဲ့ပါတယ်ရှင့်။

**မေး။** ။ စာမေးပွဲအတွက် ပြင်ဆင်ခဲ့ရတဲ့ ကာလတစ်လျှောက်လုံးမှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘာအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရလဲ၊ အဲ့ဒီ အခက်အခဲတွေကိုကော ဘယ်လိုမျိုးကြံ့ကြံ့ခံ ကျော်ဖြတ်ခဲ့လဲဆိုတာ ပြောပြပေးပါဦး။

**ဖြေ။** ။ သမီးက နဂိုဗီဇကိုက စိတ်ဓာတ်အကျမြန်တဲ့၊ ထိခိုက်လွယ်တဲ့သူ ဖြစ်တဲ့အတွက် စာလုပ်နေတဲ့ကာလအတွင်းမှာ စိတ်ဓာတ်ကျရတဲ့ အကြိမ်တွေရှိခဲ့ပါတယ်၊ အထူးသဖြင့် ကျောင်းတွင်း စာမေးပွဲတစ်ခေါက်ဖြေဆိုပြီးလို့ ကိုယ်မှန်းသလောက် အမှတ်မကောင်းဘူးဆိုရင် စိတ်ဓာတ်တွေ အများကြီးကျမိတယ်၊ ပြီးတော့ စာဖြေရင် ရှန်းတတ်တဲ့ အကျင့်ကြောင့် ကျောင်းက စာမေးပွဲတွေမှာ အမှတ်တအားကောင်းခဲ့တာမျိုး သိပ်မရှိခဲ့ပါဘူး၊ အဲဒီလိုမျိုး စိတ်ဓာတ်ကျပြီး အားငယ်ရတဲ့အချိန်မျိုးတွေမှာ ကျောင်းက ဆရာမတွေကို မရှက်မကြောက်ဘဲ ရင်ဖွင့်တိုင်ပင်ပြီးတော့ လိုအပ်တဲ့ အကြံဉာဏ်နဲ့ စိတ်ခွန်အားအကူအညီတွေကို တောင်းခံပြီးတော့ပဲ အကောင်းဆုံးကျော်ဖြတ်ခဲ့ပါတယ်ရှင့်။

**မေး။** ။ စာမေးပွဲစစ်ဆေးနေတဲ့ စာမေးပွဲခန်းထဲမှာ ကြုံတွေ့ခဲ့ရတဲ့ အထဲက သမီးအတွက် တစ်သက်တာမေ့မရနိုင်တဲ့ အမှတ်တရ ထူးခြားဖြစ်စဉ်မျိုး ရှိခဲ့ရင်လည်း ပြောပြပေးပါဦး။

**ဖြေ။** ။ စာမေးပွဲဖြေဆိုနေစဉ်အတွင်းမှာတော့ တကယ်ကို မေ့မရတဲ့ ဖြစ်ရပ်တစ်ခုရှိခဲ့ပါတယ်ရှင့်၊ စာမေးပွဲဖြေဆိုတဲ့ ရက်တစ်ရက်မှာ သမီးက ရုတ်တရက် နေမကောင်းဖြစ်ပြီး ရင်တွေတအားကျပ်လာခဲ့ပါတယ်၊ အဲ့ဒီအချိန်မှာ စာမေးပွဲခန်းစောင့်ဆရာမတွေနဲ့ ကြီးကြပ်တဲ့ဆရာမတွေက သမီး စာမေးပွဲကို အေးအေးချမ်းချမ်း ဖြေဆိုနိုင်အောင် ပရုတ်ဆီတွေ လူးပေးတာမျိုးတွေအထိ သားသမီးလိုမျိုး ဂရုတစိုက်နဲ့ သေသေချာချာ ပြုစုစောင့်ရှောက်ပေးခဲ့ကြတာကတော့ သမီးအတွက် တစ်သက်တာလုံး မေ့လို့မရနိုင်တဲ့ ကျေးဇူးတရားနဲ့ အမှတ်တရ ဖြစ်ခဲ့ရပါတယ်ရှင်။

**မေး။** ။ တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အခုလိုမျိုး ရမှတ်အများကြီးနဲ့ အမှတ်ကောင်းကောင်း ရရှိဖို့အတွက် အရေးကြီးဆုံးအချက်က ဘာလဲလို့ သမီးအနေနဲ့ သုံးသပ်မိပါသလဲရှင့်။

**ဖြေ။** ။ စာမေးပွဲဖြေဆိုတဲ့ နေရာမှာ 'တိကျမှု(Accuracy)' ရှိဖို့က အရေးကြီးဆုံးအချက်လို့ ထင်ပါတယ်ရှင့်၊ ဘာလို့လဲဆိုတော့ မိမိအနေနဲ့ စာတွေ ဘယ်လောက်ပဲအလွတ်ရနေပါစေ၊ စာမေးပွဲခန်းထဲမှာ ပြန်လည်ဖြေဆိုတဲ့အခါမှာ တိကျပြတ်သားမှုမရှိဘူး၊ အမှားအယွင်းပါသွားမယ်ဆိုရင်တော့ သမီးတို့ မျှော်မှန်းထားတဲ့ သတ်မှတ်ရမှတ်တွေကို ဘယ်လိုမှ ရရှိနိုင်မှာ မဟုတ်လို့ပါရှင့်။

**မေး။** ။ အခုလို ထူးထူးချွန်ချွန်အောင်မြင်ပြီးပြီဆိုတော့ သမီးရဲ့ ရှေ့ဆက်လျှောက်လှမ်းမယ့် အနာဂတ်ရည်မှန်းချက်နဲ့ အလုပ်အကိုင်အိပ်မက်လေးကိုလည်း သိပါရစေ။

**ဖြေ။** ။ သမီးက အနာဂတ်မှာ ဆေးတက္ကသိုလ် တက်ရောက်ချင်ပါတယ်ရှင့်။ အကြောင်းကတော့ သမီးက ငယ်ငယ်တုန်းက ကျန်းမာရေး သိပ်မကောင်းဘဲ ခဏခဏနေမကောင်းဖြစ်တတ်တော့ ဆေးရုံ၊ ဆေးခန်းတွေနဲ့ အမြဲတမ်းမကင်းခဲ့ပါဘူး၊ အဲ့ဒီလိုမျိုး ဆေးကုသမှုခံယူခဲ့ရတဲ့ အချိန်တုန်းက သမီးကို စေတနာရှေ့ထားပြီး ကုသပေးခဲ့ကြတဲ့ ဆရာဝန်ကြီးတွေ၊ ဆရာဝန်မလေးတွေဟာ တကယ့်ကို စိတ်သဘောထားပြည့်ဝကြပြီး လူနာအပေါ် နွေးထွေးကြတာကို တွေ့ခဲ့ရပါတယ်၊ အဲ့ဒါကြောင့် သမီးကိုယ်တိုင်လည်း နောင်တစ်ချိန်မှာ သူတို့လိုမျိုး စိတ်သဘောထားပြည့်ဝပြီး ပြည်သူတွေကို ကူညီစောင့်ရှောက်ပေးနိုင်တဲ့ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ချင်တဲ့အတွက် ဆေးတက္ကသိုလ်တက်ရောက်ဖို့ စိတ်ကူးယဉ် ရည်မှန်းထားတာ ဖြစ်ပါတယ်ရှင့်။

**မေး။** ။ နောက်ထပ် တက္ကသိုလ်ဝင်တန်း အဆင့်တွေကို ဆက်လက်တက်ရောက်ပြီး စာမေးပွဲရင်ဆိုင်ကြရမယ့် မောင်လေးတွေ၊ ညီမလေးတွေအတွက် သမီးရဲ့ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံအရ ဘယ်လိုမျိုး အဖိုးတန် အကြံဉာဏ်ကောင်းတွေ ပေးချင်ပါသလဲရှင့်။

**ဖြေ။** ။ သမီးပြောချင်တာကတော့ Grade 12 က စာသင်ရိုးတွေက တကယ်ကို ခက်ခဲနက်နဲပါတယ်၊ ဒါပေမဲ့ အောင်စာရင်းထွက်တဲ့နေ့မှာ ကိုယ်တိုင်နဲ့ မိသားစုဝင်တွေအားလုံး တစ်ပြိုင်တည်းခံစားရမယ့် ဝမ်းသာပီတိ ပျော်ရွှင်မှုနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင်တော့ ကိုယ်စာလုပ်ခဲ့စဉ်က ကြုံတွေ့ခဲ့ရတဲ့ ပင်ပန်းဆင်းရဲမှုတွေက ဘာမှမဟုတ်တော့ပါဘူးလို့ ပြောချင်ပါတယ်၊ ဒီကျောင်းစာတွေကို စာသင်နှစ်အစပိုင်းကတည်းကနေပြီးတော့ သေသေချာချာဂရုစိုက်ပြီး ဇွဲရှိရှိ လုပ်ဆောင်သွားမယ်ဆိုရင် စာမေးပွဲဖြေတဲ့နေ့ကျရင် ကိုယ်ကိုယ်တိုင် မျှော်မှန်းထားတာထက်တောင်ပိုပြီး ကောင်းကောင်းမွန်မွန် ဖြေဆိုနိုင်လိမ့်မယ်လို့ ယုံကြည်ထားကြပါ၊ ပြီးတော့ အတန်းထဲမှာ ဆရာ၊ ဆရာမတွေကို စာမေးဖို့၊ ကိုယ်နားမလည်တာတွေကို သိအောင်မေးမြန်းဖို့အတွက် ရှက်နေတာမျိုး၊ ကြောက်နေတာမျိုး လုံးဝမဖြစ်ကြပါနဲ့၊ ဆရာမတွေ သင်ကြားပြသသမျှကိုလည်း စာသင်ခန်းထဲမှာ သေချာအာရုံစိုက် နားထောင်ကြပါ၊ နောက်ဆုံးအနေနဲ့ မိမိတို့ကို မြေတောင်မြှောက်ပေးတဲ့ မိဘနဲ့ ဆရာသမားတွေရဲ့ ကျေးဇူးတရားကို အမြဲသိတတ်ကြပါလို့ အကြံပေးပြောကြားချင်ပါတယ်ရှင့်။

**မေး။** ။ နောက်ဆုံးမေးခွန်းအနေနဲ့ သမီးရဲ့ ဒီကနေ့အောင်မြင်မှု အသီးအပွင့်တွေကို ရရှိအောင် နောက်ကွယ်ကနေ ပံ့ပိုးပေးခဲ့ကြတဲ့ မိဘနှစ်ပါးနဲ့ ဆရာ၊ ဆရာမတွေကို သမီးရဲ့ ရင်ထဲရှိတဲ့ ကျေးဇူးတင်စကားလေး ပြောကြားပေးပါဦးရှင့်။

**ဖြေ။** ။ သမီးရဲ့ ပညာရေးခရီးလမ်းတစ်လျှောက်လုံးမှာ လိုလေသေး မရှိအောင် အဘက်ဘက်ကနေ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြတဲ့ မေမေနဲ့ ဖေဖေတို့ကို အထူးပဲကျေးဇူးတင်ပါတယ်ရှင်၊ သမီးကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကနေ အခု တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ပြီးမြောက်တဲ့ အချိန်အထိ စိတ်ရှည် လက်ရှည်နဲ့ အလိမ္မာစာပေ သင်ကြားပြသပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ကန်တော့ပါတယ်၊ အထူးသဖြင့် သမီး အထက်တန်းကျောင်း ပညာသင်ကြားခဲ့တဲ့ တစ်လျှောက်လုံးမှာ အနီးကပ်စောင့်ရှောက်ပေးခဲ့တဲ့ မလှိုင်မြို့ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်းက တည်ထောင်အုပ်ချုပ်သူ ဆရာမကြီး ဒေါ်အမာခိုင်နဲ့တကွ ဆရာ၊ ဆရာမ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ရှင့်။

မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးကဏ္ဍတွင် ထူးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် ယခုကဲ့သို့ စိတ်ဓာတ်ခိုင်မာစွာဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ပြီး တစ်နိုင်ငံလုံးအဆင့် (၈)ရရှိသည်အထိ စံပြထူးချွန်ခဲ့သည့် ကျောင်းသူ မသင်းပျံ့ပြည့်စုံခင်၏ ကြိုးစားအားထုတ်မှုပုံရိပ်များသည် နောင်လာမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအတွက် အတုယူဖွယ်ရာကောင်းလှပါကြောင်း ဂုဏ်ပြုသတင်းရေးသားလိုက်ရပါသည်။

**မျိုးသန့်(မန္တလေး)**

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Novak Djokovic တက်ရောက်



**လန်ဒန် ဇူလိုင် ၇**

အင်္ဂလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ နာမည်ကျော် ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Roman Safiullin ကို ၇-၆၊ ၆-၃၊ ၃-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် ကနေဒါ တင်းနစ်ကစားသမား Felix Auger-Aliassime တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

## နည်းပြ ဟာဗီးရီနတ်ကို နည်းပြရာထူးမှ တူနီးရှားအသင်း ထုတ်ပယ်

**လန်ဒန် ဇူလိုင် ၇**



တူနီးရှားအသင်းသည် နည်းပြ ဟာဗီးရီနတ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

တူနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီးနောက် နည်းပြ ဟာဗီးရီနတ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟာဗီးရီနတ်သည် တူနီးရှားအသင်းကို ၂၀၂၆ ခုနှစ် ဖွန် ၁၆ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး တစ်လမပြည့်မီအချိန်မှာပင် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

တူနီးရှားအသင်း၏ထုတ်ပြန်ချက်တွင် 'နည်းပြ ဟာဗီးရီနတ်ကိုနည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။ (အပေါ်ပုံ)(NGB)

## မော်တန်ဂျူလ်မန်းကို ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဇူလိုင် ၇**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ်ကစားသမား မော်တန်ဂျူလ်မန်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိပြိုင်ပွဲစုံ ၁၄၂ ပွဲ ကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းကလည်း မော်တန်ဂျူလ်မန်းအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းမှ မော်တန်ဂျူလ်မန်းကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)





## ဘယ်လ်ဂျီယံအသင်းက အမေရိကန်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၇**

၂၀၂၆ ကမ္ဘာ့ဖလား ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်း ကမ္ဘာ့အဆင့် (၉)ရှိ ဘယ်လ်ဂျီယံအသင်းနှင့် ကမ္ဘာ့အဆင့် (၁၇)ရှိ အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘယ်လ်ဂျီယံအသင်းက အမေရိကန်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။


ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၉မိနစ်နှင့် ၃၃မိနစ်တွင် ကီတယ်လေရီ၊ ပွဲချိန် ၅၇မိနစ်တွင် ဗာနာကန်၊ ပွဲချိန် (၉၀+၃)မိနစ်တွင် လူကာကူတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘယ်လ်ဂျီယံအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၁၁ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီခွဲအချိန်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ (အပေါ်ပုံ)(NGB)

## ကာယိုဒီ ဘရန့်ဖို့ဒ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၇**

ဘရန့်ဖို့ဒ်အသင်းသည် အသင်းနောက်ခံကစားသမား ကာယိုဒီကို ၂၀၃၂ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကာယိုဒီက 'ကျွန်တော် ဘရန့်ဖို့ဒ်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။

(ဝဲပုံ)(NGB)

## ဒမ်ဖရိုင်းစ်ကို ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၇**

ရီးရဲလ်မက်ဒရစ်အသင်းသည် အင်တာမီလန်အသင်း နောက်ခံကစားသမား ဒမ်ဖရိုင်းစ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဒမ်ဖရိုင်းစ်သည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၇ပွဲကစားပြီး ၂၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဒမ်ဖရိုင်းစ်က 'ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ယခုလို ကြီးကျယ်ခမ်းနားတဲ့အသင်းကို ပြောင်းရွှေ့ခွင့်ရလို့လည်း အတိုင်းမသိပျော်ရွှင်မိပါတယ်'ဟု ပြောသည်။ (ဝဲပုံ)(NGB)

## နည်းပြ ကွီရော့ဇ်ကို နည်းပြရာထူးမှ ဂါနာအသင်း ထုတ်ပယ်



**လန်ဒန် ဇူလိုင် ၇**

ဂါနာအသင်းသည် အသင်းနည်းပြ ကွီရော့ဇ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဂါနာအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြ ကွီရော့ဇ်ကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကွီရော့ဇ်သည် ဂါနာအသင်းကို ၂၀၂၆ ခုနှစ် ဧပြီ ၁၃ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၅ ပွဲတွင် ၁ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၂ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။ (ဝဲပုံ)

ဂါနာအသင်း၏ထုတ်ပြန်ချက်တွင် 'နည်းပြ ကွီရော့ဇ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။(NGB)

## လီယာဝေါလ်တီကို ဘရိုက်တန်အမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၇**

ဘရိုက်တန်အမျိုးသမီးအသင်းသည် ဂျူဗင်တပ်အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား လီယာဝေါလ်တီကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ်အမျိုးသမီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လီယာဝေါလ်တီသည် အသင်းကို များစွာ ပံ့ပိုးကူညီနိုင်လိမ့်မည်ဟု ဘရိုက်တန်အမျိုးသမီးအသင်းက ယုံကြည်လျက်ရှိသည်။

ဘရိုက်တန်အမျိုးသမီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားသည်။

(အောက်ပုံ)(NGB)



## မာရက်ဇ် အယ်လ်ဂျီးရီးယားလက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဇူလိုင် ၇**

အယ်လ်ဂျီးရီးယားလက်ရွေးစင်အသင်း တောင်ပံကစားသမား မာရက်ဇ် နိုင်ငံ့လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား မာရက်ဇ်သည် အယ်လ်ဂျီးရီးယားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၄ မှ ၂၀၂၆ ခုနှစ်အထိ ပွဲပေါင်း ၁၂၀ ပွဲကစားကာ ဂိုး ၄၀ အထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။ (ယာပုံ)

အသက်(၃၅)နှစ်အရွယ်ရှိ မာရက်ဇ်က 'ကျွန်တော် လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူပါပြီ။ လက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ'ဟု ပြောသည်။ (NGB)



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး






**မန္တလေး ဇူလိုင် ၇**

ပြင်ဦးလွင်မြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ယာဉ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများ များပြားလာရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောကျပ်တည်းမှုများ မဖြစ်ပေါ်စေရေး၊ ဒေသထွက်ကုန် အခြေခံကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာတွင် အဓိကကျသည့် တောင်ပေါ်မြေပြန့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေးတို့တွင် များစွာအထောက်အကူပြုမည့် ခရိုင်၊ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းရာတွင် မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း အနီးစခန်းလေဆိပ်ရှေ့ မိုင်တိုင်အမှတ်(၃၄/၀)ဖာလုံမှ မိုင်တိုင်အမှတ်(၃၄/၃)ဖာလုံအထိ ယခင်ဒွေးလမ်းနေရာအား လေးလမ်းသွားလမ်းပေါင်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ယာဉ်ကြောပြအမှတ်အသားများ ရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများ အခြေအနေ၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးရွာ၊ လေးအိမ်စုရွာ၊ တောင်ပြိုရွာတို့မှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်း အရှည်ပေ(၄၁၀၀)ရှိ လမ်းကြောင်း(၂)နှင့် မိုးကြိုးရွာမှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်း အရှည်ပေ(၅၃၀၀)ရှိ လမ်းကြောင်း(၁)တို့အား ဖောက်လုပ်နေမှု၊ အကျယ်(၂၄)ပေနှင့် အရှည်ပေ(၆၀)၊ ခံနိုင်ဝန်(၁၃)တန်ရှိ Steel plate girder တံတားအသစ် နှစ်စင်း တည်ဆောက်နေမှု၊ ပွဲကောက်ရေတံခွန်အနီး ဂဲလောင်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသည့် မူလဘေလီတံတားအား အကျယ်(၂၄)ပေ၊အရှည်ပေ(၆၀)၊ ခံနိုင်ဝန်တန်(၂၀) Steel plate girder တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ မန္တလေး-ပြင်ဦးလွင်အဆင်းလမ်း မိုင်တိုင်အမှတ်(၂၃/၃)ဖာလုံမှ ဗဟိုမီးသတ် သင်တန်းကျောင်းအထိ လမ်းအရှည် (၃)မိုင်အား လမ်းအူကြောင်း ပြေပြစ်စေရန် ပြန်လည်ပြင်ဆင်ခြင်းနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအဝင်လမ်းပေါ်ရှိ အရှည်ပေ(၈၀)၊ အကျယ်(၂၄)ပေရှိ ယာယီဘေလီတံတား၊ အရှည်ပေ(၂၀)၊ အကျယ်(၂၄)ပေနှင့် အရှည်ပေ(၃၀)၊ အကျယ်(၂၄)ပေရှိ သံကူကွန်ကရစ်တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**






## မန္တလေးတိုင်းဒေသကြီးကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တွင် အထက်မြန်မာပြည် နည်းပညာသင်တန်းများဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၇**

မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)၊ တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး (DHCC)တို့ပူးပေါင်း၍ အထက်မြန်မာပြည် နည်းပညာသင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာ လေးလွှာရှိ MRCCI ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်သည့် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် တာဝန်ရှိသူများ၊ MRCCI ဥက္ကဋ္ဌ ဦးတင်လတ်နှင့် အဖွဲ့ဝင်များ၊ ညီနောင်အသင်းဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းမြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (DHCC)တာဝန်ခံ Mr. Li Qi Gui၊ Ai နည်းပညာ လက်တွေ့အသုံးချသင်တန်းပို့ချသည့် တက်ဟုန်းသက်မွေးနည်းပညာကောလိပ်မှ ဒုတိယပါမောက္ခချုပ် Mr.Wang Wan Chun နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနား၌ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေးက သင်တန်းအဖွင့်အမှာစကားကိုလည်းကောင်း၊ MRCCI ဥက္ကဋ္ဌ ဦးတင်လတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (DHCC) တာဝန်ခံ Mr. Li Qi Gui ၊ Ai နည်းပညာလက်တွေ့အသုံးချသင်တန်းပို့ချသည့် တက်ဟုန်း သက်မွေးနည်းပညာကောလိပ်မှ ဒုတိယပါမောက္ခချုပ် Mr.Wang Wan Chun တို့က စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်နှင့် နိုင်ငံခြားကုန်သွယ်မှုအတွက် အဓိကကျသည့် ကျွမ်းကျင်ကွာဟချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ကာ ပူးပေါင်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ပြောကြားခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် Ai နည်းပညာလက်တွေ့အသုံးချ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြပြီး ဇူလိုင် ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ e-commerce နည်းပညာ၊ သရက်သီး၊ မြေပဲ၊ ပဲပုပ်၊ ကြံစသည့် စိုက်ပျိုးရေးနည်းပညာသင်တန်းများအပြင် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကိုလည်း အောက်တိုဘာလအထိ အဆင့်ဆင့်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

# မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၇**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေး အန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနနှင့်အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့ပူးပေါင်းကာ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း အနောက်ဘက်ခြမ်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်သူနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တက်ရောက်လာကြသူများနှင့်အတူ မယ်ဇယ်ပင်၊ ခရေပင်၊ ကျွန်းပင်၊ စိန်ပန်းပင်၊ ပိတောက်ပင်၊ တမာပင်၊ ရေတမာပင်၊ ယင်းမာပင် အမျိုးအစားရှစ်မျိုး စုစုပေါင်းအပင် ၆၆၀ ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည်သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









## အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇွန် ၇**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်၊ မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အောင်ပန်းမြေကိုယ်ပိုင် အလယ်တန်းကျောင်း(ချမ်းအေးသာစံ)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမူက အဖွင့်အမှာစကားပြောကြားပြီး အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းက အရက်၊ ကွမ်း၊ ဆေးဥပဒ်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်စင်ဦးက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းတို့ကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ထို့နောက် ဘဏ္ဍာရေးမှူးဒေါ်ခင်မေပိုင်က ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သူများအား ဂုဏ်ပြုဆုများချီးမြှင့်ကာ ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရေး သန္နိဋ္ဌာန်များကို သံပြိုင်ရွတ်ဆိုခဲ့ကြသည်။



ဆက်လက်၍ ယနေ့တွင် အောင်ပန်းမြေကိုယ်ပိုင် အလယ်တန်းကျောင်း(ချမ်းအေးသာစံ)၌ အရက်၊ ကွမ်းယာ၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး စာစီစာကုံးပြိုင်ပွဲများကို မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ခွဲခြားကျင်းပခဲ့ပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ပြည်သူ့စစ်မှုထမ်းအမှတ်(၁)၊ (၂)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၌ ပြည်သူ့စစ်မှုထမ်းအမှတ်(၁)၊(၂)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရပ်ကွက်နေပြည်သူများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြသည်။



**(အောက်ပုံ)**

အဆိုပါ ပြည်သူ့စစ်မှုထမ်း အမှတ်(၁)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား မဟာအောင်မြေမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ဆယ်အိမ်မှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြပြီး နိုင်ငံ့တာဝန်များကို တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းငါးဦးအား ဂုဏ်ပြုဆုငွေနှင့် ဆန်၊ ဆီများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်စော်မင်း**

# သစ်တောနှင့် တိုင်ယာ

**နိဒါန်းစကား။** မော်တော်ယာဉ်လုပ်ငန်းမှာ ဤလမ်းပိုင်းကုန်ရမှသာ ထွက်မည်ဟု တရားသေ သတ်မှတ်၍မရ၊ ယာဉ်မောင်းနှင့် ယာဉ်လုပ်သားတို့၏ စားဝတ်နေရေးကိစ္စကို ယာဉ်ပိုင်ရှင်က ငဲ့ရသည်။

ဤဝတ္ထုတွင် ကားဆရာလေး ကိုလင်းသည် ခရီးလမ်းတစ်နေရာတွင် နောက်ဘီးပွင့်သွားသဖြင့် လမ်းခရီးနယ်မြို့တွင် တာယာအသစ်တစ်လုံး ဝယ်ထည့်ရလေသည်။ ထိုအခါ မန္တလေး၊ ရန်ကုန်မြို့ကြီးများနှင့် ဈေးကွာပုံ၊ လိုချင်သောပစ္စည်းအတွက် ပါလာသော ငွေနှင့်ချိန်ဆရပုံ၊ ဈေးဆိုင်ရှင်အချို့မှာ မဝယ်ယူမီ ရှွန်းရှွန်းဝေအောင် ပြောတတ်ကြသော်လည်း ဝယ်ယူပြီးနောက် ဈေးသည်၊ ဈေးဝယ် စည်းကမ်းကိုအကြောင်းပြု၍ ပစ္စည်းကိုပြန်လဲရန်ပင်ခက်ပုံ၊ အချို့နှုတ်ကြမ်း၊ အာကြမ်းရှိကြပုံတို့ကို တင်ပြထားသည်။

ထို့ပြင် စာရေးသူသည် ဤလမ်းခရီးကို ကြိမ်ဖန်များစွာ သွားခဲ့ရာ လမ်းဘေးဝဲ၊ ယာ သစ်တောများ ပြုန်းတီးနေခြင်းနှင့် ကန္တာရဆန်သော မြင်ကွင်းများကိုသာတွေ့ရသဖြင့် နိုင်ငံသားတစ်ဦးအနေဖြင့် စိတ်မသက်မသာဖြစ်မိသည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံ၏ သစ်တောသစ်ပင်ထိန်းသိမ်းစောင့်ရှောက်ပုံနှင့် နှိုင်းယှဉ်၍ တင်ပြထားပါသည်။

× × × × × × × × × ×

သည်တစ်ခါ ခရီးထွက်ရခြင်းက ယခင်နှင့် ပြောင်းပြန်ဖြစ်၏။ အတိအကျဆိုပါက မေမြို့မှထုံးကို အောက်အကြေ ရေကြည်မြို့သို့ သယ်ဆောင်ပေးရခြင်းဖြစ်သည်။ ကျောင်းသင်ခန်းစာတွင် ထုံးခြောက်ကို မဖောက်ထုံး(ကယ်လ်စီယမ်အောက်ဆိုက်)၊ ရေနှင့်ရောလျှင် ဖောက်ထုံး(ကယ်လ်စီယမ် ဟိုက်ဒြောက်ဆိုက်) ခေါ်ကြောင်း ကျောင်းသားဘဝက သင်ပြပေးခဲ့သော ဆရာမ၏ကျေးဇူးကို ကိုလင်းတစ်ယောက် အမှတ်ရနေမိသည်။

ရေကြည်မြို့က လုပ်ငန်းရှင်မှာ ကွမ်းစားထုံးလုပ်ငန်းကို လုပ်ကိုင်သည်။ ကျွန်တော်တို့ ဗမာ အပါအဝင် တိုင်းရင်းသားတွေက ထုံးမှုန့်ကို ရေနဲ့ဖောက်ပြီး ဟိုရောသည်ရောလုပ်ကာ ကွမ်းရွက်နှင့်အတူ ဝမ်းထဲ ထည့်ကြသည်။ ထုံး(ကယ်လ်စီယမ်)က ဆီးလမ်းကြောင်းတွင် ကျောက်တည်နိုင်ကြောင်း ဆေးပညာရှင်များက ဆိုသည်။ သို့သော် မြန်မာတို့၏ ကွမ်းဓလေ့က ဖြတ်ဖို့မလွယ်။ အထူးသဖြင့် ကားသမားများနှင့် ဝပ်ရှော့ဆရာများက ကွမ်းစားကြသည်။

‘အာဘရေ… ပျော်ဘွယ်လမ်းခွဲက ဆိုင်မှာပဲ နေ့လယ်စာ စားကြတာပေါ့’ မေမြို့ထုံးတင်၊ ညနေမန္တလေးပြန်အိပ်၊ နောက်တစ်နေ့ နံနက်စောစော ကားထွက်ခဲ့သည်။ ၂၁ ပေရှည်သော ခြောက်ဘီးကားတွင် ထုံးသုံးတန်မျှ တင်ဆောင်ခြင်းဖြစ်သည်။ အချိန်က နံနက် ၁၁ နာရီရှိပေပြီ။ ကိုလင်းက ကားကို ရန်-မန်း လမ်းဆုံမှ ပျော်ဘွယ်-နတ်မောက်လမ်းခွဲသို့ ချိုးကွေ့လိုက်သည်။ လမ်းဆုံနှင့် မနီးမဝေး လက်ဖက်နှင့် စားဖွယ်မျိုးစုံရသော ဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် ကိုလင်းက ကားကို လမ်းဘေးချ၍ ရပ်လေသည်။ ဆိုင်၏ တည်နေရာ၊ ဈေးနှုန်းမျှတမှု၊ သန့်ရှင်းမှု၊ အရသာကောင်းမွန်မှု၊ ပြေပြစ်သောဆက်ဆံရေးရှိမှုတို့က ဤဆိုင်၏ အောင်မြင်မှုဟု ဆိုချင်ပါသည်။ နေ့လယ်စာ စားပြီးနောက် ငါးမိနစ်ခန့်အကြာ ‘ကဲ‥ ‧အာဘရေ…ခရီးဆက်ကြစို့’ဟု ကိုလင်းက ဆိုလာသည်။

သူ့စိတ်ထဲ ပြည်မြို့ကို ည ရှစ်နာရီ မဝင်မှာ စိုးရိမ်နေသည်။ ဒါကလည်း လက်တွေ့ရင်ဆိုင်နေရသည့် ခေတ်ကာလ၏ လုံခြုံရေးအခြေအနေ။ မြို့အထွက်တွင် ကိုလင်းက ဖြည်းဖြည်းနှင့် မှန်မှန်မောင်းသည်။ ထိုအချိန် ကောင်းကင်ယံ၌ ရုတ်တရက် နေရောင်ပျောက်သွားပြီး မည်းမှောင်သော တိမ်စိုင်၊ တိမ်လိပ်များတို့ကို တွေ့ရသည်။ ထို့နောက် လေသည် တဖြည်းဖြည်း အေးလာကာ မိုးသည်ထစ်ချုန်းသံများနှင့်အတူ သဲသဲမဲမဲ ရွာပါလေတော့သည်။ လေကြမ်းလာသဖြင့် ကားကို ခေတ္တလမ်းဘေးချ ရပ်နားထားရသည်။

‘ဘယ်လိုဖြစ်တာလဲ အာဘရဲ့၊ အညာဒေသမိုးက ဒီလိုပဲလား’

ဆယ်မိနစ်ခန့်အကြာ လေငြိမ်သွားသဖြင့် ကိုလင်းက ကားကို ပြန်မောင်းရင်း ဆိုသည်။ ‘မှတ်သုံကာလထဲမှာပဲ ပူပြင်းလွန်းတော့ ပြန်ကျမိုးရွာတယ်လို့ပဲ ဆိုရမှာပေါ့’

‘လင်းပါဦး၊ အာဘရဲ့’

‘ရေငွေ့ပါတဲ့ တိမ်တောင်၊ တိမ်လိပ်တွေက ပူပြင်းလွန်းတော့ ပေါ့ပါးတဲ့ လေထုနဲ့အတူ ကောင်းကင်တက်တယ်။ တက်ရင်းနဲ့ ရေငွေ့ကို မထိန်းနိုင်တော့ ပြန်ကျမိုးအဖြစ် ရွာချတာပေါ့’

ကားလည်း ၁၉ မိုင်အကျော်တွင် အမြန်လမ်းနှင့်ဆုံပြီး မကြာမီ ပျော်ဘွယ်-နတ်မောက် နယ်စပ်သို့ ရောက်လာသည်။ ပတ်ဝန်းကျင်လမ်းဘေး ဝဲ၊ ယာ တွင် သစ်ပင်ကြီးများမရှိ၊ တောင်ပူစာ၊ တောင်ကတုံးများနှင့် အနီရောင်ရှိသော ယာကွက်များ၊ ရွာအစွန်လမ်းဘေးဝဲ၊ ယာတို့၌ ကြက်မွေးမြူရေးခြံကြီးအချို့ကို တွေ့ရသည်။

‘ပညာရှင်တွေက သစ်တောသစ်ပင်တွေ ပျက်သုဉ်းလို့၊ ရာသီဥတု ဖောက်ပြန် မိုးခေါင်လို့ ရေကြီးတာတွေဖြစ်တယ်လို့ ဆိုတယ်မဟုတ်လား အာဘရဲ့။ ဥပမာဆောင်ပါဦး အာဘ’

‘တို့ရဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံကိုကြည့်ရင် ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ နဝမမြောက် ရာမမင်းဆက်ဘုရင်ကြီးက နိုင်ငံသားတစ်ဦးက ကျွန်းပင်တစ်ပင် ရှင်သန်အောင်စိုက်နိုင်ရင် ဘတ်ငွေငါးရာ ဆုချတယ်လို့ ဆိုတယ်။ နောက်တော့ တိုင်းသူပြည်သားတွေက ဒီလို မိမိတို့ကိုယ်တိုင် ပါဝင်လုပ်ဆောင်တာကို နိုင်ငံအတွက်လို့ မြင်လာတယ်’ ‘ကျွန်တော်တို့ ရှမ်းအရှေ့မှာ နေစဉ်က ပုံပြင်သဖွယ်ကြားခဲ့ဖူးတယ်’ ‘ဒါတင်ဘယ်ကမလဲ လွန်လေပြီးတဲ့ ဘုရင်ကြီးက ထိုင်းလယ်သမားတွေရဲ့ လယ်ယာမြေတွေကို စက်ယန္တရားတွေနဲ့ လုပ်နိုင်အောင် ထောင့်ကျကျ ဟက်တာကွက်တွေဖော်ပေးခဲ့တယ်’ ‘ကျွန်တော်တို့ ကျောင်းသားဘဝက ဆရာကြီးဇော်ဂျီရဲ့ ပုပ္ပားမောင်တောင်ကတုံး ရောင်ထုံးစို့ကွယ်တို့ရယ်ဆိုတဲ့ ကဗျာစာပိုဒ်ကလေးကို မှတ်မိနေတယ်’

‘အေး…အာဘကတော့ ဟိုယခင်နှစ် ဥသျှစ်ပင်-မုံရွာ-ပုသိမ်လမ်းအတိုင်း ချောင်းသာကိုသွားခဲ့စဉ် လမ်းဘေးဝဲ၊ ယာမှာ အတော်အတန်ကြီးပြင်းနေတဲ့ ကျွန်းပင်တွေကိုကြည့်ပြီး စိတ်ကူးယဉ်မိတယ်’

‘ဘယ်လိုစိတ်ကူးလဲ အာဘရဲ့’

‘တို့နိုင်ငံကို အင်္ဂလိပ်တွေ တတိယအကြိမ် ကျူးကျော်စစ်ဆင်နွှဲတဲ့ လတ်တလောအကြောင်းရင်းက သစ်ကိစ္စမဟုတ်လား’

‘ဟုတ်ပါတယ်။ ဗြိသိသျှဘုံဘေဘားမားသစ်ကုမ္ပဏီက တောင်ငူနယ်မှာ သစ်ခိုးထုတ်တဲ့ကိစ္စပါ’

‘အင်္ဂလိပ်တွေက မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်ပေမယ့် တို့မြန်မာတွေက အဆိုးထဲက အကောင်းတစ်ခုရလိုက်တယ်လို့ ဆိုရမယ်’

‘ဘာကိုဆိုလိုတာလဲ အာဘ’

‘အင်္ဂလိပ်က မြန်မာနိုင်ငံကို ကျွန်ပြုတယ်။ သယံဇာတတွေ ထုတ်ယူတယ်ဆိုပေမယ့် စည်းကမ်းရှိတယ်။ ဥပမာအနေနဲ့ ဒီသစ်ထုတ်လုပ်ငန်းကိုပဲ လေ့လာကြည့်၊ ဒေသအလိုက် သစ်ကွက်တွေဖော်တယ်။ အနှစ်သုံးဆယ် အလှည့်ကျစနစ်နဲ့ ထုတ်တယ်။ ထုတ်လုပ်ရေးနဲ့ ပျိုးထောင်ရေး တစ်ခါတည်းတွဲသွားတာ’

‘ဒီတော့ အာဘ ဆိုလိုချင်တာက’

‘အဲ့ဒီလို အင်္ဂလိပ်တွေ သစ်ထုတ်တဲ့စနစ်ကို အတုယူပြီး တိုင်းရင်းသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကိုလည်းအားပေး၊ နှစ်သုံးဆယ်လောက် အောင့်လိုက်ရင် သစ်တောသယံဇာတနဲ့ ဖုံးလွှမ်းနေတဲ့ တိုင်းပြည်အဖြစ် မချမ်းသာပဲနေပါ့မလား’

ကားလည်း နတ်မောက်နယ် စိုင်းကောင်လမ်းခွဲမှ မောင်းလာရာ မကြာမီ နတ်မောက်လွန်၍ မြို့သစ်နယ်သို့ ဝင်လာသည်။

‘ရှေးကမြန်မာကြီးတွေက နိုင်ငံချစ်စိတ် မျိုးချစ်စိတ် ပြင်းထန်တယ်။ သယံဇာတကိုလည်း စည်းမဲ့ကမ်းမဲ့ မထုတ်ခဲ့ဘူး’

‘ဒါနဲ့ ဒီမြို့သစ်နယ်က ဦးမင်းရောင်အကြောင်း ပြောပါဦး အာဘ’

‘ဦးမင်းရောင်က မြို့သစ်နယ် မြို့လုလင်သူကြီး’

‘သူက ဘာကြောင့် အသတ်ခံရတာလဲ’

‘အင်္ဂလိပ်ကိုသစ္စာမခံ၊ အင်္ဂလိပ်ပေးတဲ့ ရာထူးကို မယူလို့ပေါ့’

‘နည်းနည်းလောက် လင်းပါဦး’

‘သူက အင်္ဂလိပ်နယ်ချဲ့ကျွန်မခံချင်လို့ သုံးနှစ်သုံးမိုး တွန်းလှန်တယ်။ အင်္ဂလိပ်ဘက်ကကြည့်တော့ သူပုန်ပေါ့။ သူ နောက်ဆုံးခြေကုတ်ယူတဲ့စခန်းက မြို့သစ်အရှေ့လေးတိုင် စင်စခန်းလို့ ဆိုတယ်။ ဒီတုန်းက လေးတိုင်စင်ဝန်းကျင်ဟာ သစ်တောတွေ ထူထပ်ဟန်ရှိတယ်။ နောက်ဆုံးမှာ အင်္ဂလိပ်နယ်ချဲ့ အစိုးရက ဖမ်းမိတဲ့ ဗိုလ်မင်းရောင်ကို သစ္စာခံခိုင်းပြီး မြို့ဝန်ရာထူး ပေးတယ်လို့ ဆိုတယ်။ ဗိုလ်မင်းရောင်က သစ္စာမခံတဲ့အတွက် ကွက်မျက်ခံခဲ့ရတယ်’

ထိုစဉ် ‘ဘုန်း’ဟူသော ကားဘီးပေါက်သံကို ကြားရသည်။ ကားက သိမ့်ခနဲ တုန်ခါသွားသော်လည်း မိမိကားက မဟုတ်ဟု ကိုလင်း ထင်သည်။ သို့သော်ပတ်ဝန်းကျင်တွင် အခြားကားကို မတွေ့ရသဖြင့် သေချာပေပြီ၊ မိမိကား နောက်ဘီးပေါက်သည့် အသံပင်ဖြစ်ကြောင်း ကိုလင်း သိလိုက်သည်။ ကားကို လမ်းဘေးချရပ်ပြီးနောက် အာဘလည်း ကားပေါ်မှဆင်း လိုက်သည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မြို့လုလင်ရွာထိပ်ဖြစ် နေကြောင်း သိလိုက်ရသည်။

လမ်း၏အနောက်ဘက် ကတ္တရာလမ်းမအနီး ရွာထိပ်တွင် ဗိုလ်မင်းရောင် ရုပ်တုကို တွေ့ရသည်။ ကံကောင်းသည်က လမ်းမနှင့်မနီးမဝေးတွင် ကားဘီးဖာသည့် လေဆိုင်ကလေးကို တွေ့ရခြင်းပင်ဖြစ်သည်။ ကိုလင်းလည်း ပြဝက်ခန့်ဝေးသည့် လေဆိုင်ကလေးသို့ ကားကို ဘက်ဆုတ်လာသည်။ ပွင့်ထွက်သည့်ဘီးမှာ နောက်တန်း ညာဘက်အတွင်းဘီးဖြစ်သည်။

ထူးခြားသည်က ခွေကျင်နေသောအရာ အကွဲကြောင်းရှိသည့် ဘက်ခြမ်းမှမဟုတ်ဘဲ ဆန့်ကျင်ဘက်ခြမ်းမှ ပွင့်ထွက်သွားခြင်းဖြစ်သည်။ အချိန်ကို လုရသည်မို့ ပါလာသော စပယ်ယာဘီးကို အမြန်ချကာ ဖြုတ်တပ်လုပ်ရလေသည်။ တောင်တွင်းကြီးနှင့် ပြည်ခရီးမှာ မိုင်တစ်ရာခန့်ဝေးသေးသည်။ ကိုလင်းလည်း ကားကိုဝီရိယထား၍ မောင်းခဲ့ရာ ည ၇နာရီခွဲတွင် ပျူခေတ္တရာ (ခေါ်)ပြည်မြို့သို့ ရောက်လေသည်။

ကိုလင်းမိခင်၏ အစ်မကြီးအိမ်တွင် တစ်ညတာ ခိုနားရတော့သည်။

× × × × × × × × × ×

နောက်တစ်နေ့ နံနက်စောစောတွင်…‘ ကဲ…ဘကြီး၊ ဒီမြို့မှာတော့ ဒီဆိုင်က အသင့်ဆုံးပဲ၊ ကြိုက်တဲ့ တိုင်ယာသာလဲပေတော့’

တူတော်မောင်က သင့်တော်ပါသည်ဆိုသော ဆိုင်ကိုလိုက်ပြပြီး လမ်းမတော်ရှိ သူ၏ကုန်မာပစ္စည်းဆိုင်ကလေးကိုဖွင့်ရန် ထွက်သွားလေသည်။ ကားပေါ်က ဆင်းလိုက်သည်နှင့် အလုပ်သမားလေးနှစ်ယောက်က ပြေးလာသည်။

‘အာဘ…ဘာလုပ်ပေးရမလဲ’ဟုလည်း မေးသည်။

‘နောက်တန်း တိုင်ယာတစ်လုံး အသစ်လဲမလို့’

‘ဆိုင်ရှင်နှင့် စကားဆိုပါ’ဟု ဆိုသဖြင့် ဆိုင်အတွင်းသို့ ဝင်ခဲ့သည်။ ဆိုင်ရှင်က အသက်ငါးဆယ်ခန့် အမျိုးသမီးကြီး၊ ကွန်ပျူတာရှေ့တွင်ထိုင်နေသော မိန်းကလေးမှာ စာရင်းကိုင် ဖြစ်ပုံရသည်။ အသက် ၂၅နှစ်ခန့်၊ သူ့တို့နှစ်ဦးစလုံးက…

‘အာဘ ထိုင်ပါ၊ ဘာအကူအညီပေးရမလဲ’ ကိုလင်းကိုလည်း…‘ကိုလေးထိုင်ပါ ဘာပစ္စည်းလိုပါသလဲ’ဟု မေးလေသည်။ အကြောင်းသိသောအခါ သားဖြစ်ပုံရသည့် လူငယ်က စင်နှင့်တင်ထားသော တိုင်ယာအမျိုးမျိုးကို လိုက်ပြလေသည်။

‘ကဲ…ကိုလင်း၊ မင်းကြိုက်တဲ့ တိုင်ယာကိုလဲ’ဟု အာဘက ဆိုလေသည်။ ထိုအခါ ကိုလင်းက…‘ဒီစိုင်းလုံ (SAILUN) တံဆိပ်ကိုပဲ သုံးချင်တယ်’

‘ဈေးပြောပါဦး’ ‘235000/ပါ’ ‘ဒီထရိုင်စတား (TRI STAR) ကရော’ ‘200000/ ပါ’ ထိုစဉ်ဆိုင်ရှင်က…‘ဈေးသင့်တဲ့ အမျိုးအစားထဲက တစ်မျိုးရှိပါသေးတယ်’ ‘တံဆိပ်နာမည်ကရော’ ‘ရုတ်ဒ်ဝမ်း ROAD ONE ပါ’ တကယ်ဆိုမူ စိုင်းလုံရော၊ ရုတ်ဒ်ဝမ်းပါ တရုတ်နိုင်ငံထုတ် တိုင်ယာများဖြစ်ပါသည်။ အသုံးများမှုကို လိုက်၍ ဈေးကွာတတ်သည့်သဘော။ ‘ဈေးကရော’ ‘210000/’ စိုင်းလုံတံဆိပ်က ၂၀၁၉ ထုတ်၊ ကြိုက်သည်။ သို့သော် ဈေးက မန္တလေးနှင့် နှစ်ပုလင်းဟနေသည်။ ထိုသို့ သိနေခြင်းမှာ ကိုလင်းသည် ယခင်နှစ်လခန့်က စိုင်းလုံတံဆိပ် တိုင်ယာတစ်လုံးကို ဝယ်ယူသုံးစွဲခဲ့သောကြောင့်ဖြစ်သည်။ ပြည်တွင်းထုတ် ထရိုင်စတားနှင့် ရုတ်ဒ်ဝမ်းက ဈေးသင့်သော်လည်း သုံးဖူးသည့် အတွေ့အကြုံမရှိ၊ ပါလာသောငွေနှင့် သင့်သည်က ရုတ်ဒ်ဝမ်းသာ၊ နောက်ဆုံး အာဘ၏တိုက်တွန်းချက်ဖြင့် ၂၀၁၈ ထုတ် ရုတ်ဒ်ဝမ်းကို လဲခဲ့သည်။

ဈေးသည်နှင့် ဈေးဝယ် သဘောတူညီမှုရရှိပြီးနောက် သင့်လျော်သော တိုင်ယာတစ်လုံးကို အမြန်ဆုံးတပ်ဆင်နိုင်ရန် အလုပ်သမားကလေးတို့က စတင်လှုပ်ရှားကြသည်။ တိုင်ယာသစ်နှင့် ခွေဟောင်းကို လုံးပြီးနောက် တပ်မည်ပြုစဉ် ကိုလင်းက မိတ်ဆွေတစ်ဦးထံ တိုင်ယာအကြောင်း ဖုန်းဆက်မေးပြီး စိတ်ပြောင်းကာ စိုင်းလုံတံဆိပ် တိုင်ယာကို ပြောင်းတပ်ပေးရန် စကားဆိုလေသည်။

‘မင်းစိတ်ထဲ ဘယ်လိုနေလို့လဲကွဲ့’

‘တွဲသုံးရမယ့်ဘီးနဲ့ပန်းမတူတာရယ်၊ မသုံးဘူးတာရယ်ကြောင့်ပါ’

‘ကဲ‥တူမောင်တို့ ပြန်လဲတပ်ပေးလို့ရမလား’ဟု အာဘက အလုပ်သမားကလေးတွေကို မေးလေသည်။

‘ဆိုင်ရှင်သဘောတူရင် လုပ်ပေးမယ် အာဘ’

သို့သော် ဆိုင်ရှင်အမျိုးသမီးကြီး သိသွားသောအခါ…‘မရတော့ဘူး အာဘ၊ တိုင်ယာက လုံးပြီးသွားပြီ၊ ပလတ်စတစ်အပတ်တွေ ခွာရုံဆို တော်သေးတယ်။ ဒီလိုမျိုးလုပ်ပေးဖို့ ထုံးစံလည်း မရှိပါ’ဟု ဆိုလေသည်။

သမီးဖြစ်ဟန်ရှိသူ စာရင်းကိုင် အမျိုးသမီးကလည်း…‘တိုင်ယာကို တပ်ဖို့ စပြီးစကားပြောစဉ်က သူလည်းရှိတယ်။ သဘောလည်း တူတယ်။ ခုမှ စိတ်ပြောင်းတာ မဖြစ်နိုင်ဘူး’

အာဘက ညင်သာစွာ ပြုံးလိုက်ပြီး… ‘ကဲ‥သဘောပေါက်ပါပြီကွယ်’ဟု ဆိုင်ရှင်ကို ပြောကာ အလုပ်သမားကလေးတွေကိုလည်း… ‘မင်းတို့ကိစ္စပြီးအောင်သာလုပ်’ဟု ဆိုလိုက်လေသည်။

ယခုအခါ ခေတ္တရာက ဝယ်ယူအသုံးပြုခဲ့သော ထိုတိုင်ယာမှာ သုံးလကျော်ခဲ့ပြီ။ ရေကြည်ခရီးစဉ် အပါအဝင် မြောက်ပိုင်းလမ်း ခရီးရှည် ငါးခေါက်ထက် မနည်းထွက်ပြီးပြီ။

ကားနားချိန် တစ်နေ့…‘ခေတ္တရာက ဝယ်ခဲ့တဲ့ တိုင်ယာ ဘယ့်နှယ့်လဲဟေ့’ဟု အာဘက ကိုလင်းကို မေးလိုက်သည်။

‘အဆင်ပြေပါတယ်၊ ပန်းတောင် မပွန်းသေးပါဘူး’

‘ဒါကြောင့် မင်းကို အာဘပြောတာပေါ့၊ ပစ္စည်းဆိုတာ လက်တွေ့သုံးကြည့်မှ သိတာပါလို့’

**(ကိုယ်၊ စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေ)**

**သန်းစိုးအောင်**

## သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၆)ဖွင့်လှစ်

**ပျော်ဘွယ် ဇူလိုင် ၇**

ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနမှဦးဆောင်၍ ပျော်ဘွယ်မြို့နယ်အတွင်းရှိ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို ဇူလိုင် ၆ ရက်၊ နံနက် ၁၀ နာရီက အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၈)အထည်စက်ရုံ စက်ရုံမှူး ဦးသန့်စင်အောင်က စက်ရုံအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားပြီး ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်၏ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအမျိုးမျိုးတို့မှ ကာကွယ်နိုင်ရန်အတွက် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဆန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုးသန့်နှင့် ဌာနဆိုင်ရာများက လေ့လာကြည့်ရှုအားပေးခဲ့ပြီး သင်တန်းတွင် မီးငြိမ်းသတ်ရေးဘာသာရပ်များကို စာတွေ့၊ လက်တွေ့ပို့ချသွားမည်ဖြစ်ကာ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်ကိုလည်း စနစ်တကျပို့ချသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသား ၃၅ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ပြည်သူ့စာကြည့်တိုက်တွင် ထူးချွန်သောလူ စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၇**

ကျောင်းသား၊ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ် ကလေးဘဝမှစတင်၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်၊ ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့နံနက် ၉ နာရီခွဲက စာရေးဆရာအလင်းမြတ်ရေးသားသည့် 'ထူးချွန်သောလူ' စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူလေ့လာရန် လိုအပ်သလို ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်၊ စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အနာဂတ်လူငယ်များဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကိုကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက 'ထူးချွန်သောလူ' စာအုပ်ပါအကြောင်းအရာများကို ဖတ်ရှုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ စာအုပ်၏အနှစ်ချုပ်နှင့် စာအုပ်ပါအကြောင်း အရာများအနက် အမိကမှတ်သားမိသည့်အကြောင်းအရာများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာ တောင်တွင်းအောင်သက်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာပေလေ့လာဖတ်ရှုခြင်းသည် ကျောင်းပညာရေးကိုလည်း အထောက်အကူဖြစ်စေပါကြောင်း၊ စာအုပ်၊ စာပေများ လေ့လာဖတ်ရှုပြီးပါက စာအုပ်ပါအနှစ်ချုပ်အကြောင်းအရာများ၊ မှတ်သားထားသင့်သည်များအား မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရန်လိုပါကြောင်း၊ စာဖတ်ခြင်းဖြင့် အခွင့်အလမ်းများကို ရရှိစေပြီး လုပ်ငန်းခွင်အောင်မြင်မှုကိုလည်း ရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းသို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**နှောင်နှောင် (မိဿနီးမြေ)**





## အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကန့်ဘလူ ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က လူကုန်ကူးမှုဆိုသည်မှာ မိမိအကျိုးစီးပွားတစ်ခုတည်းအတွက် လူသားများ၏ ကိုယ်ကာယ၊ လုပ်အားများကို လူသားအချင်းချင်း ခေါင်းပုံဖြတ်အမြတ်ထုတ် အကျိုးအမြတ်ရယူခြင်းဖြစ်ကြောင်း စသည့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်းက မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်းနှင့်အဆိုပါအခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## မြင့်မြတ်စိတ်သွင် 'မွေးမိခင်'

* မမွေးဖွားမီ သားမမည်ကို
ရှင်ကြည်အေးမြ ချမ်းသာရဖို့
နေ့၊ ညမပြတ် စောင့်ကြည့်တတ်သည့်
စိတ်ဓာတ်ဖြူစင် မွေးမိခင်ကို
ကြည်လင်ဝမ်းသာ ရိုသေစွာဖြင့်
စိတ်မှာမြတ်နိုး ရှိခိုးဦးတင်
နဖူးပြင်ထက် ကျိန်းစက်နေစေသော်ဝ ။

* ဖွားမြင်ကာစ မေ့သားလုသည်
အင်္ဂစုံလင် သိမြင်ချင်စိတ်
ပူထိတ်ဗျာပါ ဖြစ်ရရှာသည်
မြဲထာဝရ မိခင်လှ၏
ပြင်းပြဝေဒနာ မိရင်ခွင်မှာ ။

* သားလှဖြူစင် မိရင်ခွင်မှာ
အစဉ်တိုက်ကျွေး နို့ချိုအေးကို
ပိုက်ထွေးကာသာ ဘယ်မှာရှုမဝ
ပြုသမျှပင်လျှင် မငြိုငြင်စိတ်ထား
ချိုချဉ်စပ်ခါး ရှောင်ရှားကာပင်
စိတ်ထားပန်ဆင် ရွယ်တိုင်ခင်ထိ ။

* ရွယ်ရောက်ပျိုမြစ် မေ့သားချစ်အား
ကျစ်လျစ်ခိုင်မာ ဝိဇ္ဇာသိပ္ပ
ဌာရသကို သင်ပြကောင်းထံ
နည်းခံမှတ်သား ကြိုးစားအားထုတ်
ပြုလုပ်ခွန်အား စွမ်းပကားသည်
မေ့သားဂုဏ်ရည် တင့်လှမည်ကို
ရည်မျှော်မှန်းဆ ကိုယ့်ဘဝကို
လှပစေကြောင်း မေ့သားကောင်း၏
စုပေါင်းဝန်တာ ဖြစ်တည်ကာပင်
သိမြင်ပါလော့ သားရွှေကျော့ ။

**သောင်းမြင့်ဇော်**
**သုံးဆယ်မြေ(မန္တလေး)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်အမှတ်(၆၀-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧကေ အကျယ်အဝန်းရှိမြေကွက်မှာ ဦးထွန်းထွန်း(ဘ)ဦးညဏ်ထွန်း(၉/မရတ(နိုင်)၀၀၉၉၂၀)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်လှိုင်(ဘ)ဦးသောင်းပြည့်(၅/ဒပယ(နိုင်)၀၆၄၃၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

| | | |
|---|---|---|
| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
| (B.A(Hist), H.G.P) | (LL.B) | (B.Sc. PGDL) |

အထက်တန်းရှေ့နေများ

၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၉၆)၏ အရှေ့ဘက်ခြမ်း၊ ဧရိယာဒသမ(၀ ဒသမ ၀၂၇၅)ဧကေ အကျယ်အဝန်းရှိ ဒေါ်ဝေမာမောင်မောင်အမည်ပေါက် ဂရန်မြေနေထိုင်ခွင့်နှင့် ၄င်းမြေပေါ်ရှိ အဆောက်အဦ၊ ဝင်းခြံအကာအရံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်နှင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်မြတ်သင်းထွဋ်(ဘ)ဦးခင်မောင်ထွဋ်(နိုင်ငံသားမှတ်ပုံတင်အမှတ်-၉/မနတ(နိုင်)၀၀၂၅၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

| | | | |
|---|---|---|---|
| ဒေါ်သစ်သစ်လေး | ဒေါ်အာကာစိန် | ဒေါ်ခင်စိမ်းလန်း | ဒေါ်သီရိထက် |
| (B.A,H.G.P) | (LL.B, LL.M) | (LL.B) | (LL.B) |
| ၀၉-၂၀၀၃၅၉၅ | ၀၉-၂၀၀၅၅၃၈ | ၀၉-၄၃၁၀၁၆၈၆ | ၀၉-၄၃၀၅၉၉၉၆ |

ဥပဒေအကျိုးဆောင်ရှေ့နေများ

၂၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅)၊ ဦးပိုင်အမှတ်(၂၄)၊ မြေကွက်ပေါ်တွင် ဒေါ်ရင်ရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၈၂၄၈၁)က S.S -၁ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၇)၊ ဦးပိုင်အမှတ်(၅၃)၊ မြေကွက်ပေါ်တွင် ဒေါ်စန်းလင်း ပါ-၂ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၂၇၂၃၄၃)က S.S -၁ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၄)၊ ဦးပိုင်အမှတ်(၂၈-က+၂၉-က)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်မျိုးတင် ပါ-၆ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၃၁၈၈၁)က RC ၃ထပ်(၂)လုံးအဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၇)၊ ဦးပိုင်အမှတ်(၂၃-က)၊ မြေကွက်ပေါ်တွင် ဒေါ်ယမင်းသူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ခဥတ(နိုင်)၀၈၈၄၀၂)က နံကပ်(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃)၊ ဦးပိုင်အမှတ်(၄၆-က)၊ မြေကွက်ပေါ်တွင် ဦးနိုင်လင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ရဥန(နိုင်)၀၇၈၁၉၁)က RC ၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၆၆)၊ ဦးပိုင်အမှတ်(၆-c+၆-စ)၊ မြေကွက်ပေါ်တွင် ဦးဖြိုးကိုရှင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၁၄၂၉၃)က RC ၄ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၈)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကေ အကျယ်အဝန်းရှိ ဦးဟန်လင်းထွန်းအမည်ပေါက် ဂရန်မြေနေထိုင်ခွင့်နှင့် ၄င်းမြေပေါ်ရှိ ဝင်းခြံအကာအရံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကိုကို(ဘ)ဦးလှဦး(နိုင်ငံသားမှတ်ပုံတင်အမှတ်-၉/မနတ(နိုင်)၀၃၂၂၆၆)၊ ဦးစံထားလင်း(ဘ)ဦးမြသွင်(နိုင်ငံသားမှတ်ပုံတင်အမှတ်-၁/မကတ(နိုင်)၀၀၉၃၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

| | | | |
|---|---|---|---|
| ဒေါ်သစ်သစ်လေး | ဒေါ်အာကာစိန် | ဒေါ်ခင်စိမ်းလန်း | ဒေါ်သီရိထက် |
| (B.A,H.G.P) | (LL.B, LL.M) | (LL.B) | (LL.B) |
| ၀၉-၂၀၀၃၅၉၅ | ၀၉-၂၀၀၅၅၃၈ | ၀၉-၄၃၁၀၁၆၈၆ | ၀၉-၄၃၀၅၉၉၉၆ |

ဥပဒေအကျိုးဆောင်ရှေ့နေများ

၂၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade (2) မှ မောင်ဖြိုးသူရထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတင်ဝင်းထွန်းဖြစ်ပါကြောင်း။

ဦးတင်ဝင်းထွန်း(၉/မဟမ(နိုင်)၀၀၆၆၃၈)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ MIA-2 ကိုယ်ပိုင်အထက်တန်းကျောင်း G-9 တွင် ပညာသင်ကြားနေသော မောင်စိုးမင်းပိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဖြိုးဝေလင်းဖြစ်ပါကြောင်း။

ဦးဖြိုးဝေလင်း(၁/ဗမန(နိုင်)၀၄၄၈၉၀)

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၃)၊ ဦးပိုင်အမှတ်(၂-စ+၂-ဆ/၁)၊ မြေကွက်ပေါ်တွင် ဦးထွေးမြင့် ပါ-၂ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/မဂတ(နိုင်)၀၇၅၅၀၅)က S.S -၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၁)၊ ဦးပိုင်အမှတ်(၆+၇)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်စိန်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(နိုင်)၀၁၅၂၈၅)က RC ၂ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၄)၊ ဦးပိုင်အမှတ်(၁၅)ခဲစင်း၊ မြေကွက်ပေါ်တွင် ဒေါ်အေးမြင့်ချို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၀၂၇၇၄၇)က နံကပ် ၁ ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်(၆၈၂)၊ ဦးပိုင်(၁၀၆-က+၁၄-က)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်သန်း ပါ-၅ (၉/မရတ(နိုင်)၀၆၆၅၄၄)က နံကပ်(၂)ထပ် ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

### အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၃ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၆ သို့ ☆

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၇

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ညှော်ခံပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ညှော်ခံပွဲတက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရာက်ကြသည်။

သတင်းစဉ်





## နည်းပြ ရိုဆီနီယာကို နည်းပြသစ်အဖြစ် ပါရီအသင်းခန့်အပ်

ပဲရစ် ဇူလိုင် ၇

ပြင်သစ်လီဂူးကလပ် ပါရီအသင်းသည် အသင်းနည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်း နည်းပြဟောင်း ရိုဆီနီယာကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပါရီအသင်းနှင့်အတူ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး တစ်နှစ်သက်တမ်းတိုးခွင့်ကိုလည်း ထည့်သွင်းချုပ်ဆိုခဲ့သည်။

နည်းပြ ရိုဆီနီယာသည် နည်းပြသက်တမ်းတစ်လျှောက်တွင် ဒါဘီ၊ ဟားလ်စီးတီး၊ စထရာဘော့စ်၊ ချဲလ်ဆီးစသည့် ကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြ တစ်ဦးဖြစ်ခြင်းကြောင့် ပါရီ အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၁)နှစ်အရွယ်ရှိ နည်းပြ ရိုဆီနီယာအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ပါရီအသင်းနှင့်အတူ အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်နိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## တပ်မတော်စစ်ကြောင်းများက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စာသင်ကျောင်းများအား စစ်စခန်းအဖြစ် အသုံးပြုနေထိုင်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်း

နေပြည်တော် ဇူလိုင် ၇

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အတွင်းရှိ ကျေးရွာများမှ ဆရာဆရာမများကိုလည်း သစ္စာမဲ့ဝန်ထမ်း Disloyality Civil Servant(DCS) လုပ်ရန် လက်နက်အားကိုးဖြင့် အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ စာသင်ကျောင်းများ၌ ယာယီစစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခြင်းများကြောင့် ကျေးရွာအချို့မှ ကျောင်းများ ဆက်လက်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ စာသင်ကျောင်းများအား ယာယီပိတ်ထားခဲ့ရသည်။

စာမျက်နှာ ၉ သို့ ✪



ချောက်မြို့နယ် ပွင့်လင်းကျေးရွာအတွင်း PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။